# ယော့ရှ

စစ်မှန်သော . . . ကျန်ကြွင်းခဲ့သောအကြောင်းရာ
အချက်လက်မဟုတ် . . . ရှေးဟောင်း ခေါင်းဆောင်
မျှသာမဟုတ် . . . ပြယုဂ်လည်းမဟုတ်

# သူ့ရဲ့ဗိတ်ခေါ်ခြင်း
# သင်ကိုယ်တိုင်ပြင်ဆင်ပါ၊ သတို့သမီး။

ကမ္ဘာပေါ်ရှိ လူသားအားလုံးပေါ် ဘုရားသခင်၏ခေါ်ဖိတ်ခြင်းသည် ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်တို့အတွက် အတူတကွအိမ်တော်တစ်ခုဖြစ်ရန်နှင့် ယေရှု၊ လုပသော သတို့သားပြန်ကြွလာဖို့ရန် သူကိုယ်တိုင် အဆင်သင့်ပြင်ဆင်ထားသော သတို့သမီးတစ်ယောက်ဖြစ်ရန် ခေါ်ဖိတ်ခြင်း ဖြစ်သည် (ယောဟန် ၁၃-၁၅၊ ဧဖက် ၂-၅၊ ဗျာဒိတ် ၁၉း၇)။ သမ္မာကျမ်းစာ၌ ခရစ်တော်အတွက် အထွတ်မြတ်သို့ရောက်ရှိခြင်း နှင့်ခရစ်တော်အတွက် ဘဝဟာဘယ်လိုလဲဟူသော ဖော်ပြချက်အကြောင်းအရာကို သင်စဉ်းစားရင် ဘယ်အရာ တွေလဲ။ လူပျိုလှည့်ခြင်းနှင့် မင်္ဂလာဆောင်ခြင်း ဖြစ်သည်။ ထာဝရဘုရားသည် ကျွန်ုပ်တို့အပေါ် မေတ္တာရပ်ခံ ပြောဆိုသည်မှာ မိမိကိုယ်ကို မိမိ၌ ဤကဲ့သို့ စိတ်ချမှုရှိသည်။ သင်သည် ငါနှင့်အတူရှိ၍ ငါသည် အဘယ်သူ ဖြစ်သည်ကို သင်သိရင် သင့်ပေါ် ချစ်ရေးဆိုသူများ မရှိတော့ပါ။ စကြဝဠာတစ်ခုလုံး၌ သင်၏နှလုံးကို ငါကဲ့သို့ သိမ်းပိုက်နိုင်သူမရှိပါ အဘယ်ကြောင့်ဆိုသော် သင့်ကိုငါ့အတွက် ဖန်ဆင်းတော်မူ၏။ ဘယ်အရာမှ သင့်ကို စိတ်မပြောင်းစေတော့ပါ။ အဘယ်ကြောင့်ဆိုသော် သင်သည် ငါနှင့်အတူ အချိန်ယူ၍ လျှောက်လှမ်းရင် ဘဝဟာ ဘာဖြစ်လာမည်ကို သင်မြင်တွေ့လာမည်။ ထို့နောက် ကျွန်ုပ်တို့၌ မင်္ဂလာဆောင်ပွဲရှိလိမ့်မည်။

"ထို့ကြောင့် သင်ကိုယ်တိုင်ပြင်ဆင်ပါ၊ သတို့သမီး"

အစကနဦးချိန်မှစ၍ ဤဖိတ်ခေါ်ခြင်းကို လူတွေဆီသို့ရောက်လာရခြင်းမှာ ထာဝရဘုရားကို ရှာဖွေဖို့ရန် ဖြစ်သည်။ ထိုဖိတ်ခေါ်ခြင်းဟာ ကျွန်တော်တို့အတွက်လည်း ဖြစ်တယ်။ ဒါအားလုံး၏ အကြောင်းအရာ ဖြစ်တယ်။ ဤအရာသည် အပြင်ပိုင်းဆိုင်ရာ ဩဝါဒမဟုတ်ပါ။ ဤအရာသည် ကျွန်ုပ်တို့အထဲ၌ရှိသော လူပျိုလှည့်ခြင်းနှင့် ပုံဖော်ခြင်းဖြစ်သည်။ သူပြောနေသော အရာကို ကျွန်ုပ်တို့သည်အားလုံးကြည့်ရင် သူမပါရင် ကျွန်တော်အသက်မရှင်နိုင်ပါ (သို့) သူ့အတွက်ဘာက အရေးကြီး၍ ဘာကတန်ဖိုးရှိသလဲ။ ထိုအရာမရှိရင် ကျွန်တော်အသက်မရှင်ချင်ပါ။ ဘုရား၏ ရည်ရွယ်ချက် (သို့) ငါ့ဘဝအတွက် သူ၏အလိုတော်မရှိသော အရာများကို ကျွန်တော်ဘယ်တော့မှ အိပ်မက်တောင်မက်လိမ့်မည်မဟုတ်ပါ။ သိုးသငယ်သူသွားတဲ့နေရာ တိုင်းသို့ ကျွန်တော်နောက်လိုက်ချင်ပါသည်။ ငါ့ဘဝအတွက် သူဖြစ်စေချင်သမျှ သူ့လက်ထဲမှာရှိတယ်။ သူသည် အသက်မုန့်ဖြစ်၍ ငါ့ခွန်အားရှိရန်နှင့် အရာအားလုံးပြည့်စုံမှုတွေဟာ သူ့ဆီမှာရှိတယ်။ သူသည် ခေါင်းဆောင်ခြင်း၊ ကြင်နာခြင်း၊ ခွင့်လွှတ်ခြင်းနှင့်ဂရုဏာတရားတို့၏ ရုပ်ပုံလွှာဖြစ်၍ သူမရှိရင် ကျွန်တော် အသက်မရှင်နိုင်ပါ။ သူ့ခွန်အားရှိနေတာကို မြင်ချင်တယ်။ သူကြင်နာနေတာကိုမြင်ချင်တယ်။ သူရိုးရိုး စင်းစင်းဖြစ်နေတာကို မြင်ချင်တယ်။ မေတ္တာနှင့်ကြင်နာတရားတွေအားဖြင့် သူ့ကိုမြင်ချင်တယ်။ စကားဖြင့် ဖော်မပြနိုင်သော ပညာရှိအဖြစ်သူ့ကိုမြင်ချင်တယ်။ ထို့နောက် သူနှင့်အတူရှိချင်ပြီ။ သူပြောမည့်စကားလုံးကို ကျွန်တော်ကြားချင်လှပြီ။ ငါ့ဘဝတစ်လျှောက်လုံးမှာ သူနှင့်ခြေလှမ်းတလှမ်းတောင်မှ မဝေးချင်ပါ။ နာကျင်သော ခံစားချက် (သို့) ပျင်းရိခြင်း (သို့) မိမိအတ္တတွေကြောင့် သူ့အပေါ် ကျွန်တော်နောက်မဆုတ်နိုင်တော့ပါ။ ကျွန်တော်

သူ့အပေါ်နောက်မဆုတ်နိုင်တော့ပါ။ စုံစမ်းနှောင့်ယှက်ခြင်းဟာ ဟိုမှာရှိတယ် ဒါပေမယ့် ဆုံးရှုံးခြင်းဟာ ကြီးမားလွန်းတယ်။

ယေရှု၌ ဤအရည်အချင်းမျိုးအားလုံးရှိတယ်။ သူဟာထူးခြားစွာ ထိုးထွင်းသိမြင်နိုင်သော နည်းလမ်းပေါင်း ၁၀၀၀ ရှိ၍ စကားလုံးဖြင့် ဖော်မပြနိုင်အောင်ပညာရှိဖြစ်ပါသည်။ ဒါဟာ ကျွန်ုပ်တို့ ၏ဆရာသမားဖြစ်သည်။ ဒါဟာ ယေရှုဖြစ်တယ်။ ဒါဒဏ္ဍာရီပုံပြင်မဟုတ်ပါ။ ကြီးမားသော ပလ္လင်ဖြူ ပေါ်ထိုင်ပြီး မြေကြီးကို ဖန်ဆင်းသော တချို့ဘုရားတွေလိုထွက်ပေါ်လာသောပုံပြင်တချို့မဟုတ်ပါ။

ဒါဟာကျွန်ုပ်တို့အပေါ်အုပ်စိုးသော ဖခမည်းတော်နှင့်ယေရှု၏ ပုဂ္ဂိုလ်အကြောင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ သေချာစွာကြည့်ရင်၊ကျွန်ုပ်တို့အချိန်ယူပြီးနဖူးတွေ့ဒူးတွေ့ရင်ဆိုင်ကြည့်လျှင်သူ့ကိုနောက်ထပ်ဘယ်တော့မှ ခုခံဆန့်ကျင်ဖို့နည်းလမ်းမရှိပါ။

ကိုယ်တိုင်စွန့်လွှတ်ရန်ဆန္ဒရှိခြင်းကြောင့်ဖြစ်သည်။ သူ့အပေါ်ယုံကြည်စိတ်ချမှုသည်မယုံဖွယ် နိုင်လောက်အောင်ဖြစ်ပါသည်။ ဒါပေမယ့်ကျွန်ုပ်တို့တွေဟာ လက်ယာတော်မြင်တွေ့ရန် အမြဲတမ်းနီးစပ်စွာ အသက်မရှင်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် မိမိကိုယ်မိမိ အလုပ်ရှုပ်စေခြင်း၊အတ္တဆန်လွန်းခြင်း၊ သတိမရှိခြင်း၊ သူ့အားဖြင့်အချစ်ရေးဆိုရန်နှင့်ဖမ်းစားရန်အချိန်မပေးနိုင်ခြင်းကြောင့်ဖြစ်သည်။ သားတော်နှင့်အတူရှိရန် အချိန်ယူလျှင် ဖခမည်းတော်သည်လည်းသိ၍ သူသည်ကျွန်ုပ်တို့အပေါ် သူ၏ဝိသေသလက္ခဏာများကိုထင်ရှားစေမည်။ သူ၏ဝိသေသလက္ခဏာအရည်အချင်းများသည် မယုံနိုင်လောက်အောင် ဖြစ်ပါသည်။ သင်သည် သူနှင့်အတူရှိရင် သင်ဝန်ပိနေသောအရာနှင့်စိတ်ဓာတ်ကျစေသော အရာအားလုံးမှ သင့်ကိုတွန်းတင်ပေးလိမ့်မည်။ သင်ကြုံနေကြမဟုတ်သောနယ်ပယ်၌ဖြစ်သော တစ်စုံတစ်ခုအားဖြင့် သင်ဟာရုတ်တရက်ဖမ်းစားခြင်းခံရပါသည်။ ထိုအရာဟာ ယေရှုဖြစ်တယ်။ သူသည် ကျွန်ုပ်တို့ကို သူနှင့်အတူ လျှောက်လှမ်းရန် ဖိတ်ခေါ်ပါသည်။ သူသည် သင့်ကိုအနိုင်းမဲ့ခွင့်လွှတ်ခြင်း၊ ဂရုဏာတရား၊ အကြင်နာတရားများဖြင့် ဖမ်းစားလိမ့်မည်။

သူ၏အပြုံးနှင့်မျက်လုံးလေးဝင်းလက်နေသည်ကို သင်မြင်တွေ့ရလိမ့်မည်။ သူ၏ဆံပင်ဖျားလေးများ တစ်လျှောက် ဘယ်လိုလေများဖြည်းညှင်းစွာ တိုက်နေသည်ကို သင်မြင်တွေ့လိမ့်မည်။တခြား နယ်ပယ်၌ပို့ဆောင်နေသည်ကို သင်တွေ့ကြုံ ကြားနာမြင်တွေ့လိမ့်မည်။ သူဟာ အပြစ်ကိုဘယ်လို ဖြေရှင်းနိုင်ကြောင်း သင်မြင်တွေ့လိမ့်မယ်။ သူ၌ ဘဝဟာ ဘယ်လိုဖြစ်လာမည်ကို ရှင်းလင်းသော ရူပါရုံနှင့်ဦးတည်ချက်ရှိကြောင်း သင်မြင်ရလိမ့်မည်။ ထို့နောက် သူ၏နွေးထွေးယုယမှုနှင့် နက်နဲသော အပြုံးများကို သင်ခံစား၍ မြင်ရလိမ့်မည်။

လာ၍ သူ့နောက်သို့လိုက်ပါ။ သင့်ကို ပို့ဆောင်လမ်းပြလိမ့်မည်။ ခွန်အားရှိရာကို ညွှန်ပြလိမ့်မည်။ သင့်ကိုဖမ်းစားနေသော ဘဝ၏အရည်သွေးများနှင့်မယိုင်လဲနိုင်သော၊ ကိုယ်ကျင့်စရိုက်များကို သူသည်ညွှန်ပြလိမ့်မည်။ သူ့ဆီသို့ သင်လာရခြင်းမှာ သူ၌ရှိသောနေရာသည် လုံခြုံစိတ်ချရသောကြောင့်ဖြစ်သည်။ သင်၏ဘဝနှင့်နှလုံးသားထဲ၌ မှန်သောအရာကိုမြင်ရ၍ နူးညံ့သိမ်မွေ့ခြင်းနှင့် အကြင်နာတရားများကို ညွှန်ပြလိမ့်မည်။ သူ့ဆီသို့လာ၍ သင်၏သနားစရာကောင်းသော ဘဝကို သူ့ရှေ့မှောက်တော်၌ အပ်နှံထားရင်သင့်ကိုဆေးကြော၊ သန့်ရှင်းစေ၍ သင်၏အထဲ၌သူ၏ဝိညာဉ်တော်ကို သွန်းလောင်းမည်။ ထို့နောက် ထိုနေရာ၌ရှိသော စိန်ရွှေရတနာများကိုဆွဲထုတ်လာမည်။ သင့်ကို ဘုရင်မ၊ ဘုရင် ဖြစ်စေမည်။

သူသည် နောက်လိုက်တော်သားများလူစုကို တည်ဆောက်ချင်သည်၊ သို့သော် ဒါသီအိုရီ မဟုတ်၊ ယုတ္တိဆန်သောမဟုတ်၊ ဩဝါဒဆိုင်သောအရာမဟုတ်၊ "ငါ့နောက်သို့လိုက်ပါ (သို့) သင်ငရဲသွားလိမ့်မယ်။" ကဲကောင်းပြီ ဒါတွေဟာအမှန်ပဲ ဒါပေမယ့် ခရစ်တော်ကြွလာပြီး တပည့်တော် (၁၂) ကိုညွှန်ပြရန် ဒါကလွဲ၍ ကျန်တာမရှိပါ။ ကျေးရွာ၌ရှိသောလူများစွာဟာ ခရစ်တော်နောက်လိုက်တယ်လို့ သင်ထင်သလား။ အဘယ်ကြောင့်ဆိုသော် သူသည် လူတွေကို လက်ညှိုးထိုးပြီး ပြောဆိုသည်မှာ သူ့နောက်ကိုလိုက်ရန် (သို့) ငရဲသွားရန်ဖြစ်သလား။ အဲဒီလိုမျိုးကျမ်းညွှန်းကို သင်သတိရသလား။ ဒါ သူသည် ခမည်းတော်ဆီသွားပြီး တစ်ညလုံးဆုတောင်းခဲ့တာမျိုးဟုတ်သလား။ ဖဘုရား ငါပြောသင့်တာကို ညွှန်ပြပါ။ ပြီးနောက် မတ်တပ်ရပ်ပြီး တပည့်တော် (၁၂) ပါးအား ငါ့နောက်သို့လိုက်လော့ (သို့) သင်တို့ငရဲသွားရမည်ဟု ခရစ်တော်ပြောခဲ့သလား။ ထိုသို့မဟုတ်ပါ သူတို့တွေဟာ ခရစ်တော်နှင့် အတူရှိချင်တယ်။ အဘယ့်ကြောင့်ဆိုသော် သူတို့ကို အံ့ဩစေတဲ့ အကြောင်းအရာကို ခရစ်တော်၌တွေ့ရှိသောကြောင့်ဖြစ်တယ်။ သူတို့သည် ခရစ်တော်၏ ဉာဏ်ပညာ၊ ကြင်နာတရားနှင့်သည်းခံခြင်းတရားတွေ့ကြ၏။

သူတို့သည် ခိုင်မာသောဦးဆောင်ခြင်းနှင့် မယိမ်းယိုင်နိုင်သော ကိုယ်ကျင့်စရိုက်တွေ့ကြ၏။ သူတို့သည် ခရစ်တော်ကဲ့သို့ဖြစ်ချင်ကြပြီး၊ ခရစ်တော်နှင့်အတူရှိချင်ကြ၏။ ဘယ်နေရာကိုမှ သူတို့မသွားချင်ကြပါ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်၏အနားမှလွဲ၍ ဘယ်နေရာကိုမှ သူတို့မနေချင်ကြပါ (မဿဲ ၄း၁၉-၂၂၊ ယောဟန် ၆း၆၈၊ တမန် ၃း၁၉-၂၀)။

ခရစ်တော်သူတို့ကို လှည့်စားခြင်းမရှိခဲ့ပါ။ ထိုနည်းတူကျွန်ုပ်တို့ကိုလည်း မလှည့်စားပါ။ သူသည် ကျွန်ုပ်တို့ကို ဖိတ်ခေါ်ရခြင်းမှာ ခရစ်တော်သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် အံ့ဩဖွယ်ရာ အရည်သွေးများ၊ သူ၌ရှိသောအံ့ဖွယ်ပင်ကိုယ်အရည်သွေးများ မြင်တွေ့ရန်နှင့်ကျွန်ုပ်တို့သည် နောင်ဘဝနှင့်ယခုဘဝ၌ သူနှင့် အတူရှိရန်ဖြစ်သည်။ ကျွန်တော်ကြီးပြင်းလာတဲ့အခါ သူကဲ့သို့ ဖြစ်ချင်တယ်။ ကျွန်တော် ရိုးသားစွာ လုပ်ဆောင်ပါသည်။

မကြာမီတောတွင်းမှာ သူ၏သတို့သမီးအဆင်သင့်ဖြစ်ရန်အတွက် ပြန်ကြွလာလိမ့်မည်။ ထို့နောက် ခမည်းတော်၏အလိုတော်မှာ သတို့သမီးပွဲတက်ရောက်ရန်မဟုတ်ပဲ၊ သတို့သမီးဖြစ်ရန်နှင့် အိမ်တော်၌ တက်ရောက်ရန်မဟုတ်ပဲ အိမ်တော်ဖြစ်ရန်သာဖြစ်သည်။ ဓမ္မဟောင်းပြန်ကြည့်ရင် ရွေးနုတ်ခံရသူများသည် သူ၏ပိုင်ဆိုင်ဖို့ရန်သာမဟုတ်ပဲ အမြဲတမ်း အိမ်တော်တစ်ခုအတွက်သာ သူ့ဆန္ဒဖြစ်ကြောင်းမြင်ရလိမ့်မည်။ သူ၏ဆန္ဒဟာ နေထိုင်မှုအတွက်ဖြစ်ပြီး၊ သူဖန်ဆင်းခဲ့သော ဧဂြိတ်ပေါ်၌နေထိုင်လို့ရသော နေရာတစ်ခု ဖြစ်သည်။ ရှင်လုကာ ၁၇ ၌ ယေရှုမိန့်ဆိုခဲ့သည်မှာ သူ၏နိုင်ငံတော်ဟာ ဟိုမှာ၊ ဒီမှာမရှိပဲ၊ လူတွေ၏ အထဲ၌သာရှိကြောင်း တွေ့ရသည်။ ယောဟန် ၈ ထဲ၌ ယေရှုသွန်သင်ခဲ့သည်အတိုင်း ကျွန်ုပ်တို့ဟာ နှလုံးသား၌ ခရစ်တော်အတွက် အခန်းကိုပြင်ဆင်ရပါမည်။ ဒါအသင်းတော်၏ သဘောသဘာဝနှင့်အသက်ရှင်သော အသင်းတော်နှင့်ခန္ဓာကိုယ်ဖြစ်သည်။

ယေရှုသည် အပြစ်လွှတ်ရန်နှင့်သူ၏ သွန်သင်ချက်များကို စဉ်းစားစေရန်အတွက်သာ ကြွလာခြင်း မဟုတ်ဘဲ၊ ခမည်းတော်နှင့်အတူရှိသော အတွေ့အကြုံမျိုးကို ကျွန်ုပ်တို့၌လည်း ကြုံတွေ့စေရန် ကြွလာခြင်း

ဖြစ်သည်။ ကျမ်းစာပြောသည့်အတိုင်း ခရစ်တော်ကြွလာရခြင်းမှာ မပျက်ဆီးနိုင်သော အသက်တာ၏တန်ခိုး၌ အသက်ရှင်ရှုန်နှင့် ယေရှုလုပ်ဆောင်ခဲ့သော သူ့ညီအစ်ကိုများနှင့် ဖခမည်းတော်နှင့်အတူ တူညီသောမေတ္တာ၊ ဘဝ၊ မိတ်ဖွဲ့ခြင်းကြုံတွေ့ရန်ဖြစ်သည်။ ကယ်တင်ခြင်းရတယ်ဆိုတာ ပုံပြင်ဇာတ်လမ်းအဆုံးမဟုတ်သေးပါ။ ယေရှုဖွားမြင်ခြင်းနှင့်အတူ၊ ကျွန်ုပ်တို့၏မွေးဖွားခြင်းဟာ အလွန်တန်ခိုးရှိသော ပုံပြင်၏အစသာလျှင်ဖြစ်ပြီး ခမည်းတော်သည် ကျွန်ုပ်တို့ကိုစကားပြောချင်ပါသည် (ကောလော ၁း၂၆-၂၉၊ ဂလာတိ ၄း၁၉၊ ယောဟန် ၇း၃၈)။ ခမည်းတော်၏ဆန္ဒမှာ ခရစ်တော် သည် ဒို့အထဲ၌ ပုံသွင်း၍၊ ကျွန်ုပ်တို့သည် (သူ၏လူများ၊ သတို့သမီး၊ သူ၏အိမ်တော်၊ သူ၏အသင်းတော်) ယနေ့အချိန်၌ ဤကမ္ဘာဂြိုဟ်ပေါ်တွင် နာဇရက်မြို့သား ယေရှု၏ ဘုန်းတန်ခိုးပြည့်ဝခြင်းကို ဖော်ထုတ်ရန်ဖြစ်သည်။ ဘုရား၏ဆန္ဒမှာတစ်ဦးတည်းယေရှုကို ရောင်ပြန်ဟပ်စေရန်မဟုတ်ပဲ အတူတကွပူးပေါင်းလုပ်ဆောင်ပြီး ယေရှုကိုတိကျစွာကိုယ်စားပြုသောသူများဖြစ်လာကြသည်။

ရှာဖွေလို့မရသော ကြွယ်ဝခြင်းကို လုပ်ဆောင်ရာ၌ နေ့တိုင်း ကျွန်ုပ်တို့၏ဘဝတွေဟာ အတူတကွ ဘယ်လိုအသက်ရှင်ခြင်းနှင့်လုပ်ဆောင်များစွာရှိ၏။ ဘာသာရေးနှင့်ခရစ်ယာန်အများစုဟာ နှစ်ပေါင်းများစွာ အသင်းတော်နှင့်ယေရှုအကြောင်းသာ ကြီးမားစွာသွန်သင်ကြသည်။ ယခုချိန်ကစပြီး အသင်းတော်အကြောင်း သွန်သင်ခြင်းမှ အသင်းတော်ဖြစ်ခြင်းသို့ပြောင်းလဲဖို့ အချိန်ရောက်နေပြီ (ဇဖက် ၃း၁၀၊ မဿဲ ၁၆း၁၈)။

နေ့စဉ်တိုင်းတစ်ဦးနှင့်တစ်ဦး ကျွန်ုပ်တို့၏အသက်တာများ ပြောင်းလဲပြီးတစ်ဦးနှင့်တစ်ဦးချစ်သကဲ့သို့ ကျွန်ုပ်တို့ဟာ သူ၏အသင်းတော်ဖြစ်နိုင်၍ သူ့အသက်တာကဲ့သို့ အသက်ရှင်နိုင်သည်။ ကိုယ်အမှုအရာကိုသာ မရှုမှတ်ဘဲ၊ သူ့အမှုရာကိုဂရုစိုက်ပြီး တစ်ဦးနှင့်တစ်ဦးချစ်ခြင်း၊ အဖြစ်များကိုပယ်ရှားပြီး ယေရှုကိုပို၍သိလာအောင် တစ်ဦးနှင့်တစ်ဦး ကူညီကြသည်။ ဤအရာတွေဟာ ယေရှု၏ သွန်သင်ချက်များဖြစ်သည်။ ဒါဟာ ယေရှု ကိုယ်တိုင် ကျွန်ုပ်တို့အတွက် အသက်ရှင်ခဲ့ပြီး ယခုချိန်တွင် တစ်ဦးနှင့်တစ်ဦးထိုကဲ့သို့ အသက်ရှင်ရန် ကျွန်ုပ်တို့ကို ခေါ်ထားခြင်းဖြစ်သည်။ ဒါသတို့သားယေရှုပြန်ကြွလာရန်အတွက် သတို့သမီးဟာ အဆင်သင့်ပြင်ဆင်ရခြင်း ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး တကယ် ပို၍ ပို၍ ချစ်လာရန် လေ့လာသည်နှင့်အတူ ကျွန်ုပ်တို့ဟာ ပို၍ ပို၍ လှပလာကြသည်။ ကျွန်ုပ်တို့ အတ္တ၊ မာန်မာနတွေပယ်ရှားပြီး တစ်ဦးနှင့်တစ်ဦး နှလုံးသားများ ပွင့်လင်းစွာ ဖွင့်လာတဲ့အခါ ဘုရား၏ ဝိညာဉ်၊ ကျေးဇူးတော်၊ မေတ္တာတော်တွေ ဒို့အပေါ် သွန်းလောင်းပြီးသတို့သားယေရှု ပြန်လာရန်အတွက် အဆင်သင့်ဖြစ်သော သတို့သမီးချောဖြစ်လာကြသည်။

ဤအရာသည် အသင်းတော်ဖြစ်၍ နေ့တိုင်းထိုနည်းအတိုင်း အသက်ရှင်ရန်၊ ဘုရား၏အိမ်တော်၌ မတက်ဘဲ၊ ဘုရား၏ အသက်ရှင်နေသော နေရာဖြစ်ရန်ဖြစ်သည်။ ထိုအခါ ကျွန်ုပ်တို့၏ အိမ်တွေ၊ အလုပ်ရုံတွေ နှင့်အသင်းတော်တွေဟာ အားလုံးတစ်ခုဖြစ်လာမည်။ ထိုအခါ ငါ့နှလုံးသားနှင့် သင့်နှလုံးသား၌၊ အဟန့်တားမရှိ သင့်အိမ်နှင့်ငါ့အိမ်ကြား အဟန့်တားမရှိတော့ပါ။ အတ္တ၊ မာန်မာန၊ ပျင်းရိခြင်းနှင့်မယုံကြည်မှုတွေကို ဖယ်ရှား၍ ယေရှုကျွန်တော်ကို ချစ်သကဲ့သို့ သူတစ်ပါးအား ကျွန်တော်ချစ်သည်။ အငယ်ဆုံးမှ အကြီးဆုံးတိုင်လူတိုင်း ထိုကဲ့သို့ လုပ်ဆောင်သောအခါ ယေရှုသည် ကျန်းမာခြင်းသွန်းလောင်းပြီး ကျွန်ုပ်တို့သည် အသင်းတော်၊ လှပသော သတို့သမီးဖြစ်ကြသည်။ ယေရှုသည် ကျွန်ုပ်တို့ကိုပို၍ ချော့မော့လှပစေရန်ကြွလာခြင်းမဟုတ်ပါ ကြွယ်ဝသော အသက်တာပေးရန်၊ တဦးပေါ်တဦး ယေရှုအသက်တာကြုံတွေ့စေရန် ကြွလာခြင်းဖြစ်သည်။

## သခင်ယေရှုတည်ဆောက်သူနှင့်ပုံဖော်သူ

## ပစ္စည်းကောင်းများဖြင့်တည်ဆောက်ခြင်း အသင်းတော်တစ်ပါး နှင့်ခရစ်ယာန်တစ်ဦးဟူသည် အဘယ်နည်း။

ဘုရားသခင်သည် လူတို့လက်ဖြင့်လုပ်သော အဆောက်အဦးတွင် မကိန်းဝပ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားပါသည်။ ဇဖက်သြဝါဒစာ အခန်းကြီး (၂) နှင့်အခြားကျမ်းပိုဒ်များတွင်လည်း ကျွန်ုပ်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်၏ဝိညာဉ်ကိန်းဝပ်ရာနေရာ (အသင်းတော်) ဖြစ်ကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။ သင်သည် လမ်းလျှောက်စဉ်သော်ငင်း၊ ကားမောင်းစဉ်သော်ငင်း ဘာသာရေးအဆောက်အဦးနှင့်တူသော အဆောက်အဦးတို့ကို သတိထားမိပေလိမ့်မည်။ ဘာကြောင့်လဲဆိုတော့ အဲဒီအဆောက်အဦးတို့သည် ဘာသာရေးအဆောက်အဦးနှင့်အမှန်တူသည့်အတွက်ကြောင့်ဖြစ်သည်။ သို့သော် စစ်မှန်သော အသင်းတော်သည် အဆောက်အဦးမဟုတ်ပဲ၊ လူ့ကိုယ်ခန္ဓာပင်ဖြစ်သည်။ ဒီလိုဆိုရင် အဲဒီအဆောက်အဦးဟာ ဘာနဲ့တူမလဲ၊ စစ်မှန်သော အသင်းတော်နှင့်မှားယွင်းသော အသင်းတော်ကို မိတ်ဆွေဘယ်လိုခွဲခြားသိနိုင်မည်နည်း။

မိတ်ဆွေ၏မိဘများသည် "ဂျူး" လူမျိုးများဖြစ်သည့်အတွက် မိတ်ဆွေလည်း ဓမ္မဟောင်း အသင်းတော်၏အသင်းသားဖြစ်ခဲ့ရသည်။ မိဘများသည် ထိုအသင်းတော်၏အသင်းဝင်ဖြစ်ရန် မိတ်ဆွေသည်လည်း အခြေခံအားဖြင့် အမှန်ကိုယုံကြည်လျှင်ပုံမှန် ဘုရားကျောင်းတက်၊ ပုံမှန်ဆယ်ဖို့တစ်ဖို့ထည့်ရုံဖြင့် အသင်းသား ဖြစ်သွားသည်။ ယေရှုခရစ်တော်၏ ဓမ္မသစ်အသင်းတော်တွင်မူ ဤသို့မဟုတ်ပါ။ မိတ်ဆွေ၏နှလုံးသားကို ဘုရားသခင်အားဆက်ကပ်အပ်နှံရမည် ဖြစ်သည်။ ဓမ္မသစ်အသင်းတော်အတွက် ပရောဖက်ပြုချက်ကတော့ "ဘုရားသခင်သည် အသင်းတော်ကိုတည်ဆောက်သည်" ဟုဖြစ်သည်။ (ယေရမိ - ၃၁၊ ဟေဗြဲ ၈၊ ၁၀)။ ဘုရားသခင် တည်ဆောက်သောအသင်းတော်သာလျှင် စစ်မှန်သောအသင်းတော်ဖြစ်သည်။ အငယ်ဆုံးမှ အများဆုံးထိအားလုံးသော အသင်းသားတိုင်းသည် အသက်ရှင်တော်မူသောဘုရားသခင်ကို သိကြရလိမ့်မည်။ အသင်းတော်သည် လူတို့၏ကောင်းသောရည်ရွယ်ချက်၊ ကောင်းသောလုပ်ဆောင်မှုနှင့်ဘာသာရေး သက်သက် ဖြစ်လျှင် (ကယ်တင်ခြင်းရရှိပြီးသူအပါအဝင်) ခရစ်တော်၏အသင်းတော် မဟုတ်ပါ။ ပြက္ခဒိန်အရ အချိန်တန်လို့ အသင်းတော်မှာ မီးထွန်းပြီးဘုရားကျောင်းတက်ရုံမျှသာဖြစ်သည်။ လူတို့၏ ပူးပေါင်းလုပ်ဆောင်မှုမျှသာ ဖြစ်သည်။ (၁ကော ၁၂)။

စစ်မှန်သော အသင်းတော်သည် အသက်ရှင်သောကျောက်တည်းဟူသော ယေရှုခရစ်တော်က ကြည့်ရှု၍ ချစ်ပြီးကောင်းမြတ်သော ပစ္စည်းကိရိယာများဖြင့်တည်ဆောက်သောအသင်းတော် ဖြစ်သည်။ အနာအဆာရှိသော ပစ္စည်းဖြင့် အဆောက်အဦးကိုဆောက်လျှင် ပြိုလဲသွားလိမ့်မည်။ ခေါင်မိုးဆွေးပြီးပြိုသွားလိမ့်မည်။ အုတ်ခဲကပျော့လျှင်၊ မကောင်းလျှင် အလေးချိန်မထိန်းနိုင်ဘဲ ပြိုလဲသွားမည်ဖြစ်သည်။ ထိုနည်းတူ ဘုရားသခင်၏ အိမ်တော်ကို မကောင်းသော အနာအဆာရှိသော ပစ္စည်းများသစ်သားများဖြင့် တည်ဆောက်လျှင် ပြိုလဲသွားမည်ဖြစ်သည်။ လူတစ်ဦးသည် ဘုရားသခင်ကိုအမှန်မသိဘူးဆိုလျှင် ထိုသူသည် ယေရှုခရစ်တော်၏

အသင်းတော်ဝင် (အသင်းသား) မဖြစ်နိုင်ပါ။ အကယ်၍ အိမ်သည် ဘုရားသခင်က လူယောက်ျား၊ လူမိန်းမအား ဖြင့် တည်ဆောက်ပါမှ ဆက်လက်တည်ရှိနိုင်မည်ဖြစ်သည်။ ထိုအိမ်၌မကောင်းသော ကျောက်မပါရှိပါ (၁ကော ၃-၅)။

အသင်းတော် (သို့) အသင်းတော်နှင့် စပ်ဆိုင်သောအရာသည်ပြည့်စုံ (စုံလင်) ရန်မဖြစ်နိုင်ပါ (၁ ကော ၁)။ သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်အရ ဘယ်အရာက လိုအပ်စေသနည်း။ မစုံလင်စေ နိုင်သောအရာသည် မည်သည့်အရာနည်း။ အသင်းသားတိုင်း အလင်းကိုငင်း၊ သမ္မာတရားကို ငင်းရာခိုင်နှုန်း ပြည့်ချစ်ရမည်ဟုဆိုရာ၌ အသွေးနှင့်အသားသည်မည်ကဲ့သို့ ဖွင့်ဆိုပြသနိုင်ခြင်းမရှိပါ။ ထိုအရာသည် အိမ် အမှန်လိုအပ်ချက် ဖြစ်သည်။ (မဿဲ- ၁၆း၁၆-၁၈၊ ယော ၃း၁၉-၂၁၊ ၁ယော ၁-၃၊ ယေဇကျေလ ၁၁း၁၉, ၃၆း၂၆, ယေရမိ ၃၁း၃၄)။ ယေရှုမိန့်တော်မူသည်ကား "သူ့အသင်းတော်ကို သူတည်ဆောက်မည်" ပုပ်ပျက်တတ်သော သစ်သားနှင့်ပျော့ညံ့သောအုတ်ခဲဖြင့် တည်ဆောက်သောအိမ်ကဲ့သို့ မဟုတ်ပါ။ ယေရှု ဆောက်သောအိမ်သည် ကမ္ဘာပေါ်မှာ အကောင်းဆုံးဖြစ်ပြီး၊ သူ့အိမ်ကိုစစ်မှန်၍ ကောင်းမြတ်သောပစ္စည်း ဖြင့်သာ ဆောက်လုပ်သည်။

တဖန်လူတိုင်းစုံလင်သည်ဟုမဆိုလိုပါ။ သို့သော်ဆိုလိုသည်မှာ ယေရှုကိုချစ်ပြီး နာခံလိုသော သူတပါးထံမှ အကူအညီကို မထီမဲ့မြင်မပြုသူနှင့် ယေရှုကိုချစ်ပြီး၊ နာခံလိုသူကို ကူညီလိုသူတို့သည် စုံလင်သော သူဖြစ်သည်။ ယေရှုကိုယ်တိုင်မိန့်ဆိုသည့်ဘုရားသခင်၏ အိမ်တော်အတွက် ကောင်းသော အဆောက်အဦး ဆောက်လုပ်ရန် လိုအပ်သော ပစ္စည်းသည်၊ လူတစ်ဦးက အလင်းကိုချစ်နေသည့် အသက်တာဖြစ်သည်။ သူတပါးအား မကူညီလိုသောသူတို့သည် မကောင်းသော အဆောက်အဦးပစ္စည်း၊ ပုပ်ပျက်သောသစ်သား ကဲ့သို့သောသူဖြစ်သည်။ ထိုသို့သောသူတို့က ပြောသည့်စကားသည် "ငါ့ကို မစီရင်နဲ့၊ ကိုယ့်အလုပ်ကိုလုပ်ပါ" ဟူ၍ဖြစ်သည်။ သူတို့၏ ခုခံကာကွယ်သောစကားမှာ "ကိုယ့်မျက်စိမှကျင်တံကို ကိုယ်ထုတ်ပါ" ဟူ၍ဖြစ်သည်။ ထိုအရာသည် ဘုရားရှင်မိန့်တော်မူသည့် ဘုရားသခင်၏ အိမ်တော်တွင်လက်ခံနိုင်ဖွယ် မရှိသည့် မကောင်းသော အဆောက်အဦးပစ္စည်းပင် ဖြစ်သည်။ ယေရှုသည် သူ၏ အိမ်ကို ဤနည်းလမ်းမျိုးဖြင့် ဆောက်တော်မမူ။ ထိုသူတို့သည်ပုပ်ပျက်သော သစ်သားနှင့်လူထုကြားမှာ ရှင်းရှင်းဖျက်ဆီးခံရမည့်သူများပင် ဖြစ်သည်။ (တမန် ၃း၂၃, မဿဲ ၁၈၊ ၁ ကော ၅)။ စစ်မှန်သော အသင်းတော်တွင်အထက်ပါကဲ့သို့သောသူတို့ကို လက်ခံတော်မမူ။ ထိုသူတို့ ငွေကြေးမည်မျှချမ်းသာသည် (သို့) ကျမ်းစာမည်မျှ သိနားလည်သည်မှာ အကြောင်းမဟုတ်၊ ဂရုစိုက်ရန် မလို။ သူတို့သည် ခေါင်းဆောင်ဖြစ်လျှင်လည်း ယေရှု၏သွန်သင်ချက်ကို သိမ်မွေ့စွာလက်ခံတုန့်ပြန်မှုမရှိလျှင် ဝိညာဉ်တော်၌ တည်ဆောက်ထားသော ယေရှု၏စစ်မှန်သော အသင်းဝင်မဖြစ်နိုင်ပေ။ အကယ်၍ သူတို့သည် ချစ်ခြင်းမေတ္တာနှင့်တောင်းပန်ပြောဆိုခြင်း၊ ဉာဏ်ပညာ၊ ကူညီခြင်းနှင့် သည်းခံခြင်းကို ဆန့်ကျင်လျှင် ဘုရား သခင်၏လူတို့ကြားတွင် ဆက်လက်ခွင့်လွှတ်ရန်မဖြစ်နိုင်ပါ။ ယေရှုကိုအန်တုကာ ပညတ်တော်ကို လစ်လျူ ရှုသောသူများဖြစ်သည်။

အကယ်၍ တဦးတစ်ယောက်ကယ်တင်ခြင်း ရရှိလျှင်သန့်ရှင်းသော ဝိညာဉ်တော်ကို ရရှိမည်။ (ရောမ ၈း၉၊ ဂလာတိ ၃, ဧဖက် -၁) သူတို့၌ သန့်ရှင်းသော ဝိညာဉ်တော်ရရှိသည်ကို နာခံလိုစိတ်ရှိခြင်းက

သက်သေထူသည်။ (ကြီးကျယ်သော သက်သေခံခြင်းကို ဘယ်နှစ်ကြိမ်ပြုပြု၊ ဘုရား ဘုရားဟု ဘယ်လောက်ဘဲ ခေါ်ခေါ်- မသဲ ၇၊ အရေးမကြီးပါ)။ သူတို့သည်အသစ်သော သတ္တဝါဖြစ်၍ အလင်းကိုချစ်သည်။ သမ္မာတရားကိုလည်းချစ်သည်။ (၂ သက်၊ ၂း၁၀)။ မွေးခါစကလေးနှင့်လည်းတူသည်။ သူတို့၏ အသက်တာတွင် လက်တွေ့အသုံးချဘို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုတောင်းဆိုသည် (၁ ပေ၊ ၂)၊ လူတစ်ယောက်သည် သန့်ရှင်းသော ဝိညာဉ်တော်ကိုရလျှင် အလင်းကိုငင်၊ သမ္မာတရားကို ငင်းချစ်လာမည်ဖြစ်သည်။ သူတို့၏ အကျင့်လည်း စတင်ပြောင်းလဲလာမည်။ သူတို့၏ ခင်ပွန်းသည်အပေါ်၊ လုပ်ဖော်ဆောင်ဘက်အပေါ်၊ သူတို့သားသမီးအပေါ် မှားယွင်းသော အပြုအမူများအတွက် နောင်တရကာအကျင့်ပြောင်းလဲလာသည်။ ယခင် အမှားများ၊ အပြစ်များ၊ ဆိုးခဲ့သမျှ နောင်တရကာ ပြောင်းလဲလာသည်။ ထိုသို့ဖြင့် ပိုမိုရင့်ကျက်လာသည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ဆုကျေးဇူးသည် ကြိုတင်ကတိပေးထားသည့် သူတို့၏ အမွေခံစရာဖြစ်သည်။ ဤအရာသည် စီရင်ချက် (ဆုံးဖြတ်ချက်) ဖြစ်သည်ဟုယေရှုကပြောသည်။ (ယော-၃)။ ထိုအရာသည် အပြစ်စီရင်ခြင်းမှ လွတ်မြောက်ပြီဖြစ်ကြောင်း (အပြစ်ကင်းစင်ကြောင်း) ခွဲခြားသတ်မှတ်လိုက်ခြင်း ဖြစ်သည်။ အပြစ်လွှတ်ခြင်းခံစားရသူမှ လွဲ၍မည်သူမျှမပြည့်စုံ၊ မဖြောင့်မတ်ပါ။ သူတို့သည် အလင်းကိုချစ်သည်။ ယခင် အသက်တာတွင် မရရှိခဲ့ဘူးသော ဝိညာဉ်တော်၏ ဆုကျေးဇူးကိုယခုရရှိပြီ။ ယခုဆိုလျှင် သူတို့အသက်တာသည် ပိုမိုလေးနက်လာပြီ၊ သူတို့၏ ကျောက်နှလုံးသားသည်လည်း ပျော့ပြောင်းသော အသားနှလုံးသားဖြစ်လာပြီ၊ အတွင်းသဘောနက်နဲလာပြီ၊ ယေရှုခရစ်တော်၏ နှုတ်ကပတ်တော်ကိုကျင့်ကြံလိုက်လျှောက်ဖို့ပိုမိုဂရုစိုက်လာပါသည်။ သိုးသည် မိမိသိုးထိန်းအသံကိုသိသည်။ အကြောင်းမူကား သူတို့သည် ယေရှု၏ဝိညာဉ်တော်ကို ရရှိသူများ ဖြစ်သည်။ သိုးကဤသို့ပြောပါသည် "ယေရှုဘုရား၊ အကျွန်ုပ်သည်ကိုယ်တော်၏ နောက်လိုက်လိုပါသည်။ လမ်းပြတော်မူပါ"။ စိတ်ကတော့ ဤသို့ပြောပါသည်။ "ငါတစ်ယောက်တည်းထားခဲ့ပါ၊ နိမိတ်လက္ခဏာကိုပါပြနိုင်သည်၊ ငါ့ငွေကိုဆင်းရဲသားအားပေးနိုင်သည်။ ငါသည် အရာခပ်သိမ်းကိုသိသည်၊ မင်းထက်ငါသာ၍ ကောင်းသည်၊ မင်းပြောတာဂရုမစိုက်ပါ"။

ပဋိညဉ်တရားသစ်တွင် ပါဝင်ဆက်ဆံသောယုံကြည်သူသည် သမ္မာတရားကိုချစ်သည် (၂ သက် ၂း၁၀)၊ အလင်းကိုလည်းချစ်သည် (ယော၊ ၃း၁၉-၂၁)၊ ယခုမှာ ဘုရားဇာတိ၌ပါဝင်ဆက်ဆံနေပြီ (၂ ပေ ၁း၄, ရောမ၊ ၆း၁-၁၄) ဤအရာသည် သူတို့ (သို့) ကျွန်ုပ်တို့အထဲတွင် ဝိညာဉ်တော်တည်ရှိနေကြောင်းပြသခြင်းဖြစ်သည်။ "ဘုရား၊ ဘုရား" ဟုသာပြောသော သူတို့၏စကားကိုတော့ ကျွန်ုပ်တို့အနေဖြင့် ခံယူစရာမရှိပါ။ ယေရှုထံသို့ မိမိအသက်တာကို စွန့်လွှတ်ဆက်ကပ်အပ်နှံသောသူ၊ ကောင်းကင်အားဖြင့်တို့ထိခြင်းခံရသူနှင့်အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော ဘုရားသခင်၌ မွေ့လျော်သူတို့သာလျှင် စစ်မှန်သော ကယ်တင်ခြင်းကို ရရှိခံစားရသူများ ဖြစ်၍ ယေရှု၏ ဒေသန္တရ အသင်းတော်စာရင်းဝင်ဖြစ်သည် (ရောမ၊ ၈း၉-၁၁၊ လုကာ၊ ၉း၅၇-၆၂၊ ယော၊ ၁း၁၂-၁၃၊ ၃း၁၆-၂၁၊ ၁ ယော ၃း၈-၁၀၊ ၅း၁၈-၂၀)။

စစ်မှန်သော ဆီမီးတိုင်၊ စစ်မှန်သော အသင်းတော်သည် သားတော်၏ဖွင့်ပြထင်ရှားခြင်းရှိသည် (ရာနှုန်းပြည့် အသင်းဝင်ဖြစ်သူများကဲ့သို့)။ "အသွေးနှင့်အသားသည် ဖွင့်ပြထင်ရှားခြင်း မပြုနိုင်သော်လည်း ကောင်းကင်ဘုံရှင်အဖဘုရားသခင်သည် ထိုသူတို့အပေါ်ထင်ရှားတော်မူသည်" ဤအရာသည် နီးကပ်ခြင်း

(သို့) သိနားလည်ခြင်း (သို့) ပါဝင်လုပ်ဆောင်ခြင်း (သို့) သွန်သင်ဆုံးမခြင်း အကြောင်းမဟုတ်ပါ။ ယေရှု ခရစ်တော်အားဖြင့် အဖဘုရားသခင်နှင့်ထိပ်တိုက် ရင်ဆိုင် တွေ့ဆုံခြင်းအကြောင်းပင်ဖြစ်သည်။ အသက်စွန့် ခြင်းကိုပင် ဖြစ်ပေါ်စေသော ဘုရားသခင်၏သားတော်ယေရှု၏အသက်တာဖြစ်သည်။ (ယော ၃း၅-၈၊ ၁၂း၂၄၊ ရောမ၊ ၆း၁-၁၄၊ ဂလာတိ ၆း၁၄-၁၇)။ ထိုသူတို့သည် ဩတ္တပ္ပတရားရှိခြင်းကို အထူးလိုလားသော လူနည်းစု ဖြစ်သည်။ အခြားသော သူတို့သည် "နောက် တနှစ်ကျမှဆက်ကပ်မယ်" ဟုဆုံးဖြတ်ထားသူများဖြစ်သည် (ယော ၃း၈-၉၊ ယော-၁၅၊ ၁ ယော ၂း၁၉၊ ယုဒ ၁၁-၂၅)။

ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ သဘာဝလွန် အသက်တာ တခုခုရှိကြသည်။ တစ်ဦးချင်းစီနှင့်အတူ ထိုအသက်တာရရှိကြသည်။ ကျမ်းစာနှင့်ပတ်သက်သော ခရစ်ယာန်ဖြစ်ခြင်းကြောင့်မဟုတ်ပါ။ တရားဝင် အသင်းတော်တွင် ပါဝင်ခြင်းကြောင့်လည်းမဟုတ်ပါ။ အမှန်မှာ ကယ်တင်ခြင်းရရှိသူများတက်ရောက် ပါဝင်သော အဖွဲ့အစည်းတွင်ပါဝင်ခြင်းအားဖြင့်ဖြစ်သည်။ တကယ်ဗိမာန်တော်များမှာ မဟုတ်ပါ။ ထို့ကြောင့်သူတို့ကို သူတို့ "အသင်းတော်" ဟုကြခြင်းဖြစ်သည်။ ခြားနားသော ခေါင်းစဉ်တစ်ခုဖြစ်သည်။ ကျွန်တော်တို့သည် ဘုရားရှင်၏ ပလ္လင်တော်ကိုထိသည်ဟု မဆိုသည်ကိုရိုးသားစွာပြောပါသည်။ (ကျွန်တော်တို့၏ "အသက်ဝိညာဉ်" နွေးထွေး သောလှုပ်ရှားမှုကိုရရှိမည်) ဘုရားသခင်၏အသက်တာဖြင့် နေ့စဉ်အသက်မရှင်လျှင် (နေ့စဉ်အသက်တာတွင် ဘုရားသခင်နှင့် မနေလျှင်) အချိန်တခဏစီတိုင်း၊ တစ်ချိန်နှင့်တချိန်သည် ဦးဆောင်သူနှင့်ဖြစ်စေ၊ တစ်ဦးချင်းစီတိုင်း နှင့်ဖြစ်စေ၊ ဆက်စပ်သွားသည်။ ဘုရားသခင်၏အသက်တာမိမိတွင် မထင်ရှား၊ မခံစားရပါ။ ဝတ်ပြု ကိုးကွယ်ခြင်းအမှုအရာ (အပြုအမူ) သည် ဘုရားသခင်၏ ဂုဏ်တော်ထင်ရှားစေဖို့ (သို့) ဘုရားသခင် ၏အဖြစ်မှန် ကိုသင်ယူဖို့ဖြစ်သည်။ သမိုင်းကြောင်းအရ စိတ်လှုပ်ရှားမှုဖြင့်ကိုးကွယ်ခြင်းသည် ခရစ်တော်၏ သဏ္ဌာန်တော်သို့ လူနည်းစုကိုသာပြောင်းလဲစေခဲ့သည်။ ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှဘုရားသခင်၏ ဦးခေါင်းတော်အစိတ် အပိုင်းကိုမျှဝေခံစားကြရသည်။ ဤအရာသည် ထာဝရအသက်မဟုတ်သလို အသင်းတော်နှင့်ဆီမီးတိုင်လည်း မဟုတ်ပါ။ ဘုရားသခင်၏ဆိုလိုရင်းမှာ "အနည်းငယ်သော တဆေးသည်မုန့်တစ်တောင်းလုံးကို ဖောင်းကြွစေ သည်" ဟူသော အချက်ပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် အမှန်ကိုပြောသော်လည်း ယေရှုကဲ့သို့အသက်မရှင်သောကလေးကဲ့သို့ မဖြစ်ရတော့ပါ။ အသင်းတော်သည်လည်း အမှန်ကို ပြောသော်လည်းယေရှု၏ ဝိညာဉ်မရရှိဘဲအတုခိုးသော ခရစ်ယာန်များ စုစည်းထားခြင်း မဟုတ်ပါ။ ယေရှုသည်ကြီးမြတ်သော တည်ဆောက်သူဖြစ်သည်။ သူသည် ပျော့ပြောင်းသော ကျောက်နှင့်ပုပ်ပျက်သော သစ်သားဖြင့် ဘယ်တော့မှ မတည် မဆောက်ပါ။ ဘုန်းကျက်သရေနှင့်ပြည့်စုံသော နေအိမ်ကို ဆောက်လိုသည်။ ဘုရင့်အလိုကျဆောက်လုပ်လိုသည်။ ထို့ကြောင့် ဘုရားသခင်၏အိမ်တော် ဆောက်လုပ်ရန်ပစ္စည်းများသည် အရည်အသွေးအကောင်းဆုံးသာ ဖြစ်ရပါမည်။ စစ်မှန်သော အသင်းတော် သည် လူ့လက်ဖြင့်ပြုလုပ်ခြင်းမဟုတ်၊ ဘုရားသခင်ကသာ တည်ဆောက်သည်။ တည်ထောင်သည်။ အသက်ရှင်သောကျောက်ဖြင့် တည်ဆောက်သည်။ စစ်မှန်သော ခရစ်ယာန်များသည်အသက်ဝိညာဉ် ကင်းမဲ့ သော ကျောက်၊ အုတ်နှင့် ကောက်ရိုးတို့ကို ဆန့်ကျင်သည်။ ယေရှုကသာကောင်းသော ဆောက်လုပ်ရေးပစ္စည်း များဖြင့် အသင်းတော်ကိုတည်ဆောက်မည်။ အကယ်၍ ကျွန်ုပ်တို့သည် ယေရှုကိုပဋိညာဉ်စာချုပ်နှင့်

လက်ထပ်ပြီဆိုလျှင်အခြားအရာများကိုချစ်ရာမှ သူ့ထံသို့ပြန်လှည့်လာမည်၊ ဒုတိယမွေးခြင်းခံလာမည်၊ နူးညံ့သောနှလုံးသား ပိုင်ဆိုင်လာမည်၊ သူ၏ သွန်သင်မှုကိုချစ်ခင်လာမည်၊ အသက်တာတွင် အမှန်ပြောင်းလဲသင့်သည်များ ပြောင်းလဲလာမည်၊ ဒုက္ခရောက်ခြင်းနှင့်ခက်ခဲခြင်းများခံစားချိန်၌လည်း ခရစ်တော်ထံမျက်နှာလှည့်လာမည်၊ ညီအစ်ကိုမောင်နှမတို့ကိုလည်းကူညီရန် ဆုတောင်းပေးလာမည်၊ ထိုအခါ ကျွန်ုပ်တို့သည် ယေရှုကိန်းဝပ်နေထိုင်ရာ အလွန်လှပသည့်အသက်ရှင်သောကျောက်ဖြစ်လာမည်။ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်အတွက် ကျက်သရေရှင့်ပြည့်စုံသောသတို့သမီးဖြစ်မည်။ ဤအရာသည် ဘုရားသခင်၏နိုင်ငံတော်၏ သတင်းကောင်းဖြစ်သည်။

## ယေရှု၏စံနမူနာနှင့် ပုံစံဖြင့်ဆောက်လုပ်ခြင်း
## နေ့စဉ်အတူအသက်ရှင်ခြင်း

ယခု၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏အိမ်တော်အတွက် ကောင်းမြတ်သောဆောက်လုပ်ရေး ပစ္စည်းကိရိယာများကို ရှင်းလင်းစွာသိရှိပြီးဖြစ်သည်။ ထိုအရာကို ဆင်ခြင်ရအောင်။ အိမ်တော်အတွက် ယေရှုရွေးချယ်ခဲ့သမျှအားလုံးသော ကောင်းမြတ်သည့် ကျောက်၊ သစ်သား အစရှိသည့် ဆောက်လုပ်ရန် ပစ္စည်းကိရိယာတန်ဆာပလာများကို အစုအပြုံလိုက် စုပုံထားပြီဆိုပါစို့၊ မှန်းကြည့်ပါ၊ ယခုထိအိမ်မရရှိသေးဘူး။ ဘုရားသခင်၏ အိမ်တော်အတွက် ကောင်းမြတ်သော အိမ်ဆောက်ရန်ပစ္စည်းများ (စစ်မှန်သော ခရစ်ယာန်များ) မကလိုအပ်နေသည်။ ထို့ကြောင့် အိမ်ဆောက်ရန်ပစ္စည်း အစုံအလင် စုပုံထားခြင်းသည် သင်အိပ်ဖို့အိမ်ရှိပြီဟု ဆိုလိုခြင်းမဟုတ်ပါ။ ဤပစ္စည်းပုံသည် သင့်ကို မုန်တိုင်းဒဏ်မှ မကာကွယ်နိုင်ပါ။ ကောင်းသော ပစ္စည်းရှိခြင်းသည် အကြောင်းမဟုတ်သေးပါ။

ယေရှုနေဘို့ အိမ်ကောင်းရှိဘို့အလို့ငှာ၊ ဘုရားသခင်၏အိမ်တော်သူ သူ၏ စံနမူနာနှင့်အိမ် ပုံစံအတိုင်း ဆောက်လုပ်ရမည် ဖြစ်သည်။ သူ၏ နမူနာပုံစံကိုသာသုံးရပါမည်။ ကျွန်ုပ်တို့၏ အသက်တာကို အတူတကွ တည်ဆောက်ဘို့ရန် ကိုယ်တော်၌နည်းလမ်းရှိပြီးဖြစ်သည်။ ကျမ်းစာက ယေရှုကို "မဟာ ဗိသုကာ ပညာရှင်" ဟုခေါ် ဆိုပါသည်။ ယေရှု၏ ရည်မှန်းချက်နှင့်အိမ်တော်နမူနာ ပုံစံကားချပ်ကို အလေးအနက် ဂရုစိုက်ရန် လိုသည်။

ဘုရားသခင်သည် ကမ္ဘာတစ်ဝှမ်းလုံးတွင် အလွန်အံ့သြဖွယ်ကောင်းသော လူများစွာရှိသည်။ ယခင်နှစ် ၂၀၀၀ တွင် ဘာတွေ ဖြစ်ပျက်ခဲ့သလဲ၊ ကိုယ်တော်ကို ကျေနပ်စေဖို့ရန် မိမိတို့၏ ဘဝကို ပြောင်းလဲလိုခြင်း ကြောင့်သာ မဟုတ်ပါလား၊ သို့သော် အကျိုးမရှိခဲ့ပါ၊ အတ္တမပြောက်ခဲ့ပါ၊ သူတို့လိုအင်ဆန္ဒအတိုင်း အပြည့်အဝ မစွမ်းဆောင်နိုင်ခဲ့ပါ။ ကိုယ်တော်ကို ကောင်းစွာအစေမခံနိုင်ခဲ့ပါ။ သူတို့၏ ရည်မှန်းချက်သည် လိုအင်ဆန္ဒပြည့်ဝဘို့ ဖြစ်သော်လည်း မပြည့်ဝခဲ့ပါ။ မအောင်မြင်ခဲ့ပါ။ အကြောင်းမူကားနည်းလမ်းမမှန်ဘဲ တည်ဆောက်သောကြောင့်ဖြစ်သည်။ ယေရှု၏နမူနာပုံစံအတိုင်း မတည်ဆောက်တတ်ခဲ့ပါ။ တစ်ဦးတစ်ယောက်သည် အရာရာကို ကြိုးစားဆောင်ရွက်သည့်အခါများသောအားဖြင့် နည်းလမ်းမှားတတ်ကြသည်။ ထို့ကြောင့် အောင်မြင်မှုရခဲ့သည်။ မအောင်မြင်နိုင်ပါ။ သူတို့ဘယ်လောက်ဖြောင့်မတ်သလဲဆိုတာ အရေးမကြီးပါ။ ယေရှုကို နာခံဘို့သာ အရေးကြီးဆုံးဖြစ်သည်။

ယေရှု၏ အိမ်တော်သည် သူ၏ပုံစံနမူနာအတိုင်းဆောက်ရပါမည်။ မိမိအလို မိမိပုံစံဖြင့် မဆောက်ရပါ။ သူ၏ ပုံစံနမူနာသည် များစွာသော ဖခင်များ၊ မိခင်များ မောင်နှင့်နှမများပင် ဖြစ်သည်။ သူရေးဆွဲသည့် ပုံသဏ္ဍာန်သည် တစ်ဦးနှင့်တစ်ဦး အပြစ်ဝန်ချခြင်း၊ ဝန်ခံခြင်းနှင့် အနာရောဂါငြိမ်းစေခြင်းဖြစ်သည်။ သူရေးဆွဲသည့် ပုံသဏ္ဍာန်သည် တစ်ဦး၏ဝန်တစ်ဦးထမ်းပေးခြင်းနှင့် ယေရှုမိန့်တော်မူသည့်အတိုင်း လိုက်လျှောက်ခြင်းဖြစ်သည်။ ယေရှု၏ ပုံစံသည်ခမည်းတော်နှင့် သားတော်ကဲ့သို့တစ်လုံးတဝတည်းဖြစ်ခြင်းဖြစ်သည်။ ဘုရားသခင်၏ အလိုတော်သည် ကွဲပြားခြင်း (ကွဲပြားခြားနားသောကျောက်) မဟုတ်ပါ။ နေ့စဉ်အတူတကွ ဘုရားဝတ်ပြုစည်းဝေးတက်ရောက်ခြင်း၊ အတူတကွ ဒေသနာခံယူခြင်း၊ ဟောပြောခြင်း၊ နေ့စဉ်မိသားစုကဲ့သို့ အတူတကွ တည်ဆောက်ခြင်း၊ နေ့စဉ်အသက်တာတွင် ကျစ်သောကြိုးကဲ့သို့ တလုံးတဝတည်ရှိခြင်းနှင့်မိသားစု ဘဝပင် ဖြစ်သည်။

ယေရှုသည် တိုင်းနိုင်ငံတိုင်းတွင် သူ့အိမ်တော်ပုံသဏ္ဍာန်ကို ရှာဖွေရွေးချယ်ခဲ့သည်။ မတူညီသော ဘာသာစကား၊ ယဉ်ကျေးမှုသည်အကြောင်းမဟုတ်ပါ။ ပုံသဏ္ဍာန်ကတော့ ဘုရားသခင်၏ လူတိုင်းသူတို့၏ ဘဝကို ချစ်ခြင်းမေတ္တာ၌ဆက်ကပ်အပ်နှံ၍ နေ့စဉ်နေ့တိုင်း မိသားစုကဲ့သို့အချင်းချင်းကူညီပြုစုရန် ဖြစ်သည်။ ယေရှု၏ စစ်မှန်သောအသင်းတော်ကို သူ့လမ်းစဉ်အတိုင်းအားကောင်းလာဖို့နှင့်မိသားစုကဲ့သို့နေ့စဉ်ဖြစ်ဖို့ ပုံဖော်ထားပါသည်။ ယုံကြည်သူတစ်အိမ်နှင့်တစ်အိမ်အတူတူ စားသောက်ကြသည်။ အချင်းချင်း ကူညီပံ့ပိုးကြသည်၊ နည်းလမ်းပေါင်းစုံဖြင့် နေ့စဉ်ကူညီကြသည်။ နေ့တိုင်းအချင်းချင်းကူညီကာ ဘုရားသခင်၏ စကားကိုပြောဆိုကြသဖြင့်ယေရှုနှင့်ပို၍တူလာကြသည် အပြစ်တွေ့သည်နှင့်တနင်္ဂနွေနေ့ထိ မစောင့်တော့ဘဲ အတူလမ်းလျှောက်ရင်းအပြစ်ကိုဖြေရှင်းကြသည်။ ထိုအပြစ်နှင့်ပတ်သက်၍ တရားဟောသူက တနင်္ဂနွေနေ့တွင် ဟောပြောလာဖို့ကိုမစောင့်တော့ဘဲ အချင်းချင်းအတူတကွ ဖြေရှင်းကြသည်။ ဘုရားသခင် ရည်ရွယ်သည်ကား (ဗျာဒိတ် ၃း၁၀၊ ၁၅ ၊ ၂ ) အချင်းချင်းအပေါ်မှာ နေ့တိုင်းဘုရားသခင်၏ ယဇ်ပုရောဟိတ်နှင့် သံတမန်များဖြစ်ဖို့ ရန်နှင့် ကမ္ဘာပေါ်မှာအတူတကွထဖို့ ထိုင်ဖို့နှင့်လျှောက်လမ်းဖို့ဖြစ်သည်။

ကျွန်ုပ်တို့အားလုံးသည် ယေရှု၏ယဇ်ပုရောဟိတ်ဖြစ်ရန် ခေါ်တော်မူခြင်းခံရသူများ ဖြစ်သည်။ ကျွန်တော်တို့အားလုံး ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုသက်သေခံရန်နှင့်အချင်းချင်း ကူညီရန် ခေါ်တော်မူခြင်း ခံရသူများဖြစ်သည်။ ဆိုလိုသည်မှာ သင်၏အိမ်နီးချင်းသည်တကိုယ်ကောင်းဆန်ခြင်း၊ ဒေါသထွက်ခြင်း၊ သောက်စားခြင်း၊ မာနထောင်လွှားခြင်းဖြင့် ယေရှု၏နှလုံးသားကို ခွဲသည်ကိုတွေ့လျှင် လမ်းမှန်သို့ပြောင်းလဲပေးဖို့ရန် ကူညီပေးဖို့သင်၌ တာဝန်ရှိသည်။ ထိုသို့နေ့စဉ်ပြုဖို့ဖြစ်သည်။ တနင်္ဂနွေနေ့ကျမှ လုပ်ဖို့မဟုတ်ပါ။ ယေရှု၏စစ်မှန်သော အသင်းတော်သည် အသက်ရှင်သောကျောက်ဖြင့်တည်ဆောက်ထားပါသည်။ အိမ်တော်၏ ပုံသဏ္ဍာန်သည်နေ့စဉ်မိသားစုဖြစ်သည်။ တစ်ခုခုကို ကူညီခြင်းမဟုတ်ဘဲတစ်ခုခုတွင် နေ့တိုင်းကျွန်တော်တို့ပါဝင်နေခြင်း ဖြစ်သည်။

ဤအရာများအားလုံး ဆက်စပ်နေသည်ကို သင်တွေ့မြင်ပါသလား။ နေ့စဉ်နေ့တိုင်းဆွေမျိုး တော်စပ်ခြင်းတစ်ခုတည်းဖြင့် လူတစ်ယောက်အလင်းနှင့် သမ္မာတရားချစ်သွားနိုင်သည်ကိုသိဘူးပါ သလား။ ထိုသို့သော သူသည်ဘုရားသခင်၏သားဖြစ်သောကြောင့်ဖြစ်သည်။ တစ်ပတ်တွင် အနည်းငယ်မျှသာတွေ့ဆုံခြင်းဖြင့် ဘယ်တော့မှအခြားသူတစ်ယောက်အလင်းကိုချစ်သည်အကြောင်းသူသိနိုင်ဖို့မဖြစ်နိုင်ပါ။ အားနည်းခြင်း

သာဖြစ်စေပါမည်၊ သူသည်အလင်းကိုမုန်းပြီး ကယ်တင်ခြင်းလည်းရရှိအုံးမည်မဟုတ်ပါ။ ဘုရားသခင်၏ အကြံအစည်သည် မြေအိုးသဏ္ဍာန်ဖြစ်သည်၊ ယုံကြည်သူတို့၏ ယဇ်ပရောဟိတ်ဘဝလည်းဖြစ်သည်။ အမှန်တကယ် အတူတကွနေထိုင်ပါက သူ၏ လူတို့ရရှိမည့် အကျိုးသည် ပိုမိုရင့်ကျက်ပြီး စစ်မှန်သော ဘုရားသခင်၏သားများ ဖြစ်နိုင်မည်ဖြစ်သည်။လူတို့အတူတကွသွားလာစေခြင်းဖြင့် အလင်းကိုမချစ်သောသူတို့၏ လှည့်စားတတ်သော သဘောကိုထင်ရှားစွာသိရှိနားလည်စေရန် ဘုရားသခင်ကြံစည်တော်မူသောစကားကို ဂရုမစိုက်သောသူနှင့်စိတ်ဆိုးပြီး ရန်ရှာတတ်သောသူများဖြစ်လျှင် ထိုသူတို့သည် ခရစ်ယာန်အတု၊ အတုအလိမ် ခရစ်ယာန်များသာဖြစ်သည်။ သူတို့၏ အသက်တာကိုသခင်ယေရှုထံ တကယ်မအပ်နှံချင်သောသူများ ဖြစ်ကြောင်း ရှင်းလင်းစွာသိရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည်သမ္မာတရားတည်းဟူသောသန့်ရှင်းသောဝိညာဉ်တော်မရရှိ အလင်းကိုလည်းမဖြစ်သည့်အတွက်ကြောင့်ဖြစ်သည်။ (ယော ၃၊ ၁ ယော ၁၊၃)။

အကယ်၍ ကျွန်တော်တို့၏ တကိုယ်ကောင်းဆန်ခြင်းနှင့်ပျင်းရိခြင်းတို့ကို ပြောင်းလဲပစ်၍ နေ့စဉ်နေ့တိုင်း မိသားစုပမာ တစ်ယောက်နှင့်တစ်ယောက် အချင်းချင်းချစ်နိုင်အောင် ယူမည်ဆိုပါက ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်ကာကူညီဆောင်ရွက်တာဝန်ယူလာမည်ဖြစ်သည်။ သို့မှသာ အိမ်သည် ယေရှုနေသောအိမ်၊ ယေရှုချစ်သောအိမ်ဖြစ်လာမည်။ ထိုအိမ်သည်သာ ကျွန်တော်တို့အားလုံးနှင့်ယေရှုအတူ နေထိုင်နိုင်သော မိသားစုအိမ်၊ ပုံစံကောင်းသောအိမ်ဖြစ်သည်။

နှုတ်ကပတ်တော်ကိုလက်တွေ့ အသုံးချပါကမုန်တိုင်း ကျလျှင်လည်းကျောက်ပေါ်မှာ တည်ဆောက်သောကြောင့်ခံရပ်နိုင်မည် (မပျက်စီးရပါ) ဟုယေရှုမိန့်တော်မူသည်။ နှုတ်ကပတ်တော်ကို လက်တွေ့ အသုံးချသည့်အတွက်ကြောင့်ခံရပ်နိုင်ခြင်းဖြစ်သည်။နှုတ်ကပတ်တော်ကို သီချင်းဖြင့် သီဆိုရုံ၊စဉ်းစား ဆင်ခြင်ရုံဖြင့်မရပါ။ လက်တွေ့လိုက်လျှောက်ရမည်၊ အသုံးချရပါမည်။ သီချင်းဆိုခြင်း၊သာမန်ဆုတောင်းခြင်း၊ နှုတ်ကပတ် အကြောင်းပြောခြင်းဖြင့် ပြောင်းလဲခြင်း မဖြစ်စေနိုင်ပါ။အချင်းချင်းအပေါ်မှာ နှုတ်ကပတ်တော်ကိုနာခံရပါမည်။ ထိုသို့ မဟုတ်လျှင် လေမုန်တိုင်းကျလာသောအခါ ဘယ်လောက်လှပပြီးကြည့်ကောင်းသော အိမ်ဖြစ်နေပါစေ၊ ယိုင်ထွက်ပြီး ပြိုပျက်သွားမည်။ ဤအချက်သည် ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး (၇) မှ ယေရှုသွန်သင်ချက် ကတိတော်ပင်ဖြစ်သည်။ ကိုယ်တော်၏ နည်းလမ်းအတိုင်း တည်ဆောက်ရအောင်၊ သမ္မာတရားအတိုင်းလုပ်ရ အောင်၊ နာခံရအောင်။ ထိုသို့ဆိုလျှင် လေမုန်တိုင်းကပျက်စီးနိုင်မည်မဟုတ်ပေ။

ထိုနည်းတူ၊ မုန်တိုင်းလာသည့်အခါမှာ ငှက်ငယ်လေးများ၊ ယုန်ငယ်ကလေးများသည် ကျောက်တုံး အောက်မှာ ပုန်းကွယ်နေသည်ကိုတွေ့ရမည်။ သင်သည်လည်းယေရှု၏နည်းလမ်းအတိုင်း ဆောက်လုပ်ဖို့ သာလိုပါသည်။ လေမုန်တိုင်းသည် သစ်ပင်များကို လှုပ်ခါပြီးလေးလံသော အရာများကိုပင်ရွှေ့စေမည်။ ဖျက်ဆီးမည်၊ လှုပ်ပြက်ပြီးမိုးကြိုးပစ်မည်။ သင်သည် ယေရှု၏နည်းလမ်း အတိုင်းတည်ဆောက်သူဖြစ်ပါက မည်သည့်မုန်တိုင်းဘဲလာပါစေ၊ သင်သည်ကိုယ်တော်၏ ကာကွယ်မှု လက်တော်အောက်မှာ လုံခြုံစွာနေရမည်။ ပြင်းထန်သော မုန်တိုင်းကို ကျော်ဖြတ်ပြီးလျှင် နေရောင်ခြည်ကိုတွေ့ရမည်။ ငှက်တွေလည်းသီချင်းစတင် ပြန်ဆိုလာနိုင်မည်။အသက်တာသည်လည်း သစ်လွင်လန်းဆန်းလာမည်။ ဤအရာသည် ကောင်းသောအိမ်ပုံစံ အတိုင်းဆောက်လုပ်သည့် ခိုင်ခံ့သောအိမ်ဖြစ်သည်။ မုန်တိုင်းလာ၍ အိမ်ကိုပြင်းစွာရိုက်ခတ်လျှင်လည်း ထိုအိမ်သည် ကောင်းသောပုံစံအတိုင်း ကောင်းသောပစ္စည်းများဖြင့် ဆောက်လုပ်ထားသည့်အတွက်မုန်တိုင်း

ဒဏ်ကိုခံနိုင်ပြီး ရပ်တည်နိုင်လိမ့်မည်။ မုန်တိုင်းဒဏ်ကြောင့်မဖြစ်စလောက်သော ချို့ယွင်းမှုတော့ရှိကောင်း ရှိပေလိမ့်မည်။ သို့သော် ထိုအံ့ဖွယ်အိမ်တော်ကြီးထဲမှာရှိသော ကျွန်တော်တို့အားလုံးသည် လုံခြုံစွာနေရ မည်ဖြစ်သည်။ ခမည်းတော်သည် နောဧကိုသင်္ဘောတည်ဆောက်ခိုင်းသည့်အခါအလွန်ထူးခြားသော ပုံစံနှင့် ပစ္စည်းကိုအသုံးပြုစေခဲ့သည်။ ယေရှုလည်းပဲ အိမ်တော်၏ပစ္စည်းနှင့်ပုံစံကိုရေးဆွဲရန် စီမံကိန်းပြုလုပ်ခဲ့သည်။ သူက အစည်းအဝေးတက်ရောက်သူတို့ကို အခြေခံ၍သူတို့နှင့် ဆက်သွယ်လုပ်ဆောင်မှုမရှိသော သူတို့၏အဖွဲ့ အစည်းထံသို့ ပေါပြောသောတရားလည်း မဟုတ်ပါ။ ယခုယေရှု၏ စီမံကိန်းပုံစံသည်များစွာသော မိခင်၊ ညီအစ်ကို မောင်နှမများနက်နဲသော၊ နေ့စဉ်၊ လိမ်ယုက်သော၊ ရင်းနှီးကျွမ်းဝင်သော၊ အယုတ်ဆုံးမှအမြတ်ဆုံးထိ အလင်းကိုချစ်သောသူတို့၏ ဆက်နွယ်တော်စပ်မှုများဖြစ်သည်။

ဤအရာသည် ဘုရင်ယေရှု၏ သတင်းကောင်းဖြစ်သည်။ ခမည်းတော်ဘုရားသည်အိမ်တော်ကို တည်ဆောက်ရန် အလွန်စိတ်အားထက်သန်သည်ဟု ယေရှုမိန့်တော်မူခဲ့သည်။သူ၏နည်းလမ်းအတိုင်း ကျွန်တော်တို့အိမ်ဆောက်ခြင်းကို ခမည်းတော်သည် အလွန်စိတ်အားထက်သန်သည်။ များစွာသော တိုင်းနိုင်ငံ နှင့်မြို့များတွင် ယေရှု၏နည်းလမ်းအတိုင်းအိမ်ဆောက်သူအလွန်ရှားပါးနေသည်။ များသောအားဖြင့် တိုင်းနိုင်ငံ တိုင်းတွင် အသင်းတော်များ၌လူတို့သည် မိမိတို့၏ရိုးရာဓလေ့ ထုံးစံအတိုင်း၊ လုပ်ရိုးလုပ်စဉ်အတိုင်း အတူတကွ လာရောက်ဝတ်ပြုကိုးကွယ်ကာ မိမိတို့၏လမ်းအတိုင်း ပြန့်ကြဲပြီးပြန်သွားကြသည်။ သူတို့စိတ်တိုင်းကျပျော်ရွှင်စွာ အသက်ရှင်ကြသည်။လွတ်လပ်စွာ အပြစ်ကျူးလွန်သည်လည်းဖြစ်နိုင်ပါသည်။ ကြိုးစားချင်စိတ်မရှိသည်လည်း ဖြစ်နိုင်ပါသည်။ဤအမှုအရာသည် အိမ်တော်မဟုတ်သလိုမိသားစုလည်း မဟုတ်ပါ။ နေ့စဉ်အတူတကွ ဆက်နွယ်အသက်ရှင်ခြင်းလည်းမဟုတ်ပါ။ လက်တွေ့ကျသော ချစ်ခြင်းမေတ္တာ "ကော်" ဖြင့်ကျောက်တုံးကြီး များကို စွဲမြဲအောင်ကပ်ထားပြီး ဘုရားသခင်ရေးဆွဲသော ပုံစံအတိုင်း ဆောက်လုပ်ပါကယင်းနေရာသည် နေအိမ် (အိမ်ထောင်စု) ဖြစ်လာမည်။ သင်သည်လှုပ၍ ကောင်းသောအသက်ရှင်သောကျောက်နှင့်သန့်ရှင်းသော အသက်တာဖြင့် ကြိုးစားအသက်ရှင်လျှင်ကျောက်တုံးကောင်းတစ်တုံးဖြစ်သွားပြီ။ ဤကျောက်ကို မြေပြင်၌ ချထားလျှင် ယေရှုအတွက်အိမ်မဟုတ်ဘူး၊ အိမ်မဖြစ်ဘူး။ယေရှုသည် ကွင်းပြင်၌ရှိနေသော သာမန်ကျောက်တုံး ကောင်းသက်သက်ကို အလိုမရှိပါ။ကိုယ်တော်လိုချင်သော ကျောက်ကောင်းသည် သင်၏ကိုယ်ခန္ဓာ၊ အသက်တာပင်ဖြစ်သည်။ ထိုသို့သော ကျောက်ဖြစ်ရန်ကြိုးစားရမည်။ အခြားသောသူတည်းဟူသော ကျောက်များနှင့်စွဲမြဲပူးကပ်နိုင်ရန်ကော်ကပ်ထားမည်။ ဘုရားသခင်ရေးဆွဲသော ပုံစံအတိုင်းဆောက်သော အိမ်ဖြစ်ရန် မိမိဘဝကိုအခြားသူများ၏ ဘဝနှင့်အတူကော်ကပ်ထားရမည်။ ကော်ကပ်ဖို့တောင်းဆိုရမည်။ ကျွန်တော်တို့ ထိုင်၊ ထ၊ သွားလာတိုင်း ကြိုးစားလုပ်ဆောင်ရမည်။ သူများနှင့်အတူအဝတ်လျှော်ပါ၊ အတူ ဈေးသွားပါ။ ကျွန်တော်တို့သည် ကွင်းပြင်တွင် အလုပ်လုပ်လျှင် အုတ်ခဲများကိုလုပ်ရမည်၊ ထင်းဖြတ်ရမည်၊ ဟင်းလျာပြင်ဆင်ရမည်၊ အဲဒီအရာများကို အတူတကွလုပ်ခြင်းဖြင့် မိသားစုတစ်ခုကဲ့သို့ဖြစ်စေရမည်။ ကွဲပြားသော မိသားစုကိုစုစည်းပြီးတစ်မိသားစုကဲ့သို့နေရမည်။ သေးမွှားသော အရေးမကြီးသောအရာကနေ ကျွန်တော်တို့ နေ့စဉ်ဘဝကို ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့်ချစ်ခြင်းမေတ္တာတို့ဖြင့် လုပ်ဆောင်ရန်စာချုပ် (ဘဝစာချုပ်) ပြုလုပ် ရမည်။ မိသားစုတစ်စုကဲ့သို့နေ့စဉ် အသက်ရှင်ခြင်းအလုပ်သည် နှုတ်ကပတ်တော်ရေဖြင့် အချင်းချင်း အမှန်ဆေးကြောခြင်းဖြစ်၍ဝိညာဉ်တံခါးဖွင့်ထား ခြင်းလည်းဖြစ်သည်။ ဘာသာရေးအခမ်း အနားတက်ရောက်ပြီး

အတူတကွသီချင်းဆိုသန့်ရှင်းသောသူတို့၏ တရားကိုနာသည့်ဘာသာရေး ယုံကြည်သူများအားဖြင့် ယေရှုသည် ဘယ်တော့မှသူ့အိမ်တော်ကိုမဆောက်ပါ။ မိသားစုဖြင့်သာ အိမ်ကိုဆောက်လုပ်ပါသည်။

ယေရှုက "သင်သည်ငါ၏အလိုတော်ကိုဝန်ခံလျှင်များစွာသောမိခင်၊ ဖခင်၊မောင်နှမကိုရရှိမည်၊ များစွာသောအိမ်နီးချင်းမဟုတ်ဘဲအလွန်ရင်းနှီးသည့်မိသားစုဝင်များစွာကိုရရှိမည်" ဟု ဆိုပါသည်။ ထိုအရာသည်ပင် ဘုရားသခင်၏အလိုတော်ဖြစ်သည်။ယေရှုခရစ်တော် ၏သွန်သင်ခြင်းမှာ - "သူ့အိမ်တော်ကိုသူကိုယ်တိုင်ကောင်းသော ပစ္စည်းများဖြင့်တည်ဆောက်သည်"ဟူ၍ ဖြစ်သည်။ ယေရှု၏ အသံတော်ကိုကြားပြီးပြောင်းလဲခြင်းမရှိသော ညံ့သောပစ္စည်းများကိုတော့ယေရှုက မကြိုဆိုမလက်ခံပါ။

## ခိုင်ခန့်အောင်ဆောက်လုပ်ခြင်းခိုင်ခန့်အောင်ဆောက်လုပ်ခြင်း ပြောင်းလဲစေသော သတ္တိပြောင်းလဲစေသော သတ္တိ

ဘုရားရှိခိုးကျောင်းတက်ခြင်းကို အခြေခံသည့် ခရစ်ယာန်ဘုန်းကြီးအုပ်ချုပ်မှုအောက်တွင် ရှိသော ဘာသာရေးခရစ်ယာန်အများစုသည် ခရစ်ယာန်သက်တမ်းတဆယ့်နှစ်ကြာလာသောအခါအစ ပထမနှစ်ကထက် ဝိညာဉ်ခွန်အားပိုမိုကျဆင်းလာသည်ကိုတွေ့ရသည်။ ဤအရာသည်မကောင်းပါ၊ ဆယ်နှစ်သားအရွယ်ကပို၍ ခွန်အားများလာပြီးဉာဏ်ပညာလည်းပိုကြီးလာရမည့်အစားကျဆင်းယုတ်လျော့လာခြင်းသည် အလွန်ဝမ်းနည်းစရာပင်ဖြစ်သည်။ မိသားစုတစ်ခုတွင်ဆယ်နှစ်သား တစ်ယောက်ကတစ်နှစ်သားအရွယ်ကဲ့သို့သာရှိမည်ဆိုလျှင်သူ၏မိခင်ဖခင်အနေဖြင့်ဘယ်လောက် ရင်ကျိုးလိမ့်မည်နည်း။

ဘုရားသခင်သည် သူ၏သားသမီးအားလုံး ဝိညာဉ်ရေးရာမှာသန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝစေလိုသည်နည်းတူ ရုပ်ပိုင်းဆိုင်ရာမှာလည်းအားကောင်းပြီးပညာရှိသော၊ဆရာအဆင့်သို့ရောက်သောသူဖြစ်စေချင်သည်။ သို့သော် ကမ္ဘာပေါ်ရှိခရစ်ယာန်အများစု ဝိညာဉ်ရေးရာမှာတစ်နှစ်သားကလေး အရွယ်သာရှိသေးသည်ကို ဝမ်းနည်းစရာတွေ့ရှိရသည့်အတွက်ခမည်းတော်ဘုရား ဘယ်လောက်များရင်ကျိုးလိမ့်မလဲ၊ အလွန်နှလုံးကြေကွဲမည်အမှန်ပါ။ ဟောသင့်သည့်အတိုင်းမဟောပြောနိုင်၊ ဆိုသင့်သည့်အတိုင်း မဆိုနိုင်ဘဲ တိုးတက်ပြောင်းလဲမှုမရှိသော ခရစ်ယာန်ဖြစ်ခြင်းအကြောင်းရင်းမှာ အိမ်တော်ကိုဘုရားသခင်၏ နည်းလမ်းအတိုင်းဆောက်လုပ်ခြင်းမရှိသည့်အတွက်ကြောင့်သာဖြစ်သည်။

ဘုရားသခင်သည် လူတို့ကို အပြစ်မှရွေးနှုတ်ကယ်တင်ပြီးသူ၏အိမ်တော်တည်ဆောက်ရန်အတွက် ကိုယ်တော်ကိုယ်တိုင်ပုံစံရေးဆွဲသည်။ ဘုရားသခင်၏နည်းလမ်းဖြင့်အပြစ်နှင့်အားနည်းခြင်းများကို ဖယ်ရှားကာ၊ ကျန်းမာသော၊ တစ်ဦးနှင့်တစ်ဦးဆက်နွယ်မှုရှိသောအသင်းတော်ရရှိရန်ဖြစ်သည်။ ဤအရာသည် ကမ္ဘာပေါ်ရှိ သူ၏လူတို့အပေါ်ထားရှိသောဘုရားသခင်၏နှလုံးသားအရင်းခံဖြစ်သည်။ လူကောင်းတို့သည် မိမိတို့၏ အစွမ်းသတ္တိကို ဘယ်လိုရရှိနိုင်သည်ကိုပြောပြချင်ပါသည်။ ဘုရားသခင်ကိန်းဝပ်ဖို့အတွက် ခရစ်တော်၏ကိုယ်ခန္ဓာကို အတူတကွတည်ဆောက်ရန်ဆုကျေးဇူးလက်ခံရရှိနိုင်ပါသည်။ ဘုရားသခင်၏ တန်ခိုးတော်နှင့်ပြည့်ဝရန်ဖြစ်သည်။ ဘုရားသခင်က ကျွန်တော်တို့ဘို့တည်ဆောက်စေချင်သည့်နည်းလမ်းရှိသည့်အတွက်၊ စစ်မှန်သော အသက်တာ၌ အပြစ်ကိုဖျက်ဆီးခံရသည်ကိုမြင်နိုင်သည်။ ကျွန်တော်တို့ အားလုံးအားနည်းမှုကြောင့်ကျွန်ခံစရာ

မလိုတော့ပါ။ ဘုရားသခင်သည်သူ၏ အံ့ဩဖွယ်ကောင်းသောလူမျိုးဖြင့် အိမ်တော်ကိုဆောက်ရန် အံ့ဩဖွယ်ကောင်းသော နည်းလမ်းရှိသည်။ ယခုအချိန်ထိ ကမ္ဘာ့ဘာသာရေးအဖွဲ့အစည်းများက ဘုရားသခင်၏ အိမ်တော်ကိုသူဌေးများ၊ သန့်ရှင်းသူများ၊ သူတို့၏နည်းလမ်းအရဘုရားရှိခိုးကျောင်းတက်သည့် ဘာသာရေးခရစ်ယာန်များက မှားယွင်းစွာဆောက်လုပ်ခဲ့ကြသည်။ ဘယ်လိုဆောက်လုပ်ရမည်ကို ကျွန်တော်တို့မသိခဲ့ရသော်လည်း ယခုသိသင့်နေပြီ၊ သင်ယူသင့်နေပြီ။ ဘုရားသခင်မိန့်တော်မူသည်ကား "ဘယ်လိုဆောက်လုပ်ရမည်ကို အလွန်ဂရုစိုက်ရမည်" ဟူ၍ဖြစ်သည်။ ခရစ်တော်ကိုအလွန်ချီးမြှောက်ရန်နှင့်သူ၏ အိပ်မက်ရူပါရုံပြည့်စုံစေရန်အတွက်၊ အသင်းတော်က သတ်မှတ်ဖော်ပြထားသည့်အတိုင်းနည်းလမ်းပြောင်းလဲရန်နှင့် သင့်ဘဝပြောင်းလဲလာစေဖို့သမ္မာကျမ်းစာ၌အမှန်တရားကိုရှာဖွေရမည်။

ကျွန်တော်တို့အားလုံး အတူတကွခွန်အားကြီးလာစေသော အိမ်တော်ကိုဝင်း၊ ငရဲတံခါးက မအောင်မြင်နိုင်သော အိမ်တော်ကိုဝင်း၊ ပူးပေါင်းဆက်နွယ်မှုကို ကုစားပေးနိုင်သောအိမ်တော်ကိုဝင်း၊ ကျွန်တော်တို့ကို ခွန်အားသန်စွမ်းပြီးပညာရှိစေသောအိမ်တော်ကိုဝင်း၊ ယခင်ကထက်ပို၍ခရစ်တော်၏သတင်းကောင်းကို ဟောပြောနိုင်သော အိမ်တော်ကိုဝင်းဘုရားသခင်တည်ထောင်လိုသည်။

ထိုအရာများကို ကြားနိုင်စွမ်းသောသတ္တိ၊ သင်၌ရှိပါသလား။ သင်ကြားသည့်အတိုင်းဘုရားသခင်၏စကားကို နာခံပါမည်လား။ တန်ဖိုးနည်းသောဘဝကိုပြုပြင်ပြောင်းလဲနိုင်မည်လား၊အကယ်၍ သင်သည်ဒုက္ခခံဘို့နှင့်နာခံနိုင်ဖို့သတ္တိရှိလျှင် ဆက်လက်၍ဖတ်ရှုပါ။

## ယေရှုခေါင်းဆောင်နှင့်ဦးခေါင်းယေရှုခေါင်းဆောင်နှင့်ဦးခေါင်း

## သူ၏လူထုအထဲ၌ယေရှု၏ခေါင်းဆောင်မှုသူထုအထဲ၌ယေရှုးဆောင်မှု

ကမ္ဘာပေါ်မှာရှိသော လူများကိုမှားသောလမ်းသို့လူပေါင်းများစွာ ထွန်းချသောမှားယွင်းသောခရစ်ယာန်များရှိသလို၊ အထက်သို့တွန်းပို့ပေးသော စစ်မှန်သောခရစ်ယာန် လူနည်းစုလည်းရှိသည်။ အချို့ကိုခေါင်းဆောင်၊ ချမ်းသာသူ၊ ကျော်ကြားသူ၊ အာဏာရှိသူတို့အပြစ်သို့ အသီးသီးတွန်းပို့ မြှင့်တင်ပေးသည်ကိုတွေ့ရသည်။ ကမ္ဘာ့နိုင်ငံများစွာမှာထိုကဲ့သို့ဖြစ်နေသည်။ ထိုသို့သော သူတို့ကိုသတ္တိရှိသူ၊ အောက်တန်းကျသူဟုခေါ်ကြသည်။ ထိုသို့ခေါ်ခြင်းသည် မမှန်ပါ။ ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး (၂၃) ကို ကြည့်လျှင်၊ ယေရှုကလူအားလုံးဖခင်တစ်ဦးတည်းမှ မွေးဖွားလာသောညီအစ်ကို မောင်နှမများသာဖြစ်ကြောင်းယေရှု၏မိန့်တော်မူချက်မှသိရှိရသည်။ အဘယ်သူကိုမျှဆရာ၊ ခေါင်းဆောင်အရှင်သခင်၊ ရဗ္ဗိ၊ အသင်းအုပ်ဆရာနှင့် သိက္ခာတော်ရဆရာတော်ဟုယေရှုကအဘယ်သူကိုမျှမခေါ်ခဲ့ပါ။ ယေရှုမှလွဲ၍ အဘယ်သူမျှစစ်မှန်သော ခရစ်ယာန်လောကတွင် ရဲရင့်သောသတ္တိရှိသောသူမရှိပါ။ ယေရှုမှလွဲ၍ အဘယ်သူမှလူနှင့်ငွေကြေးအပေါ် အဆုံးအဖြတ်ပေးပိုင်ခွင့်ရှိသောသူမရှိ။

ယေရှုကောင်းကင်ဘုံသို့ ကြွသောအခါ ဝိညာဉ်တော်ကိုစေလွှတ်ပေးမည်၊ သူကိုယ်တိုင် အသင်းတော်၏ခန္ဓာကိုယ်အဖြစ် (အသင်းတော်) ပြန့်ကြဲပေးမည်ဟု ဧဖက် (၄) တွင် တွေ့နိုင်သည်။ ယေရှုသည် ဆုကျေးဇူးများစွာကို သူ့လူတို့အားပေးမည်။ ဆုကျေးဇူးအားလုံးကို သူ့လူတစ်ယောက် (သို့) သင်းအုပ်ဆရာတစ်ဦးတည်းကို

ပေးမည်ဟုမဆို၊ ဝိညာဉ်တော်၏အလိုတော်နှင့်အညီဝိညာဉ်ဆုကျေးဇူးကို အသင်းတော်အပေါ်ပေးမည်။ သင်သည် ခရစ်ယာန်အစစ်အမှန်ဖြစ်လျှင်သင်၏ အသက်တာကိုယေရှုအတွက်ဆက်ကပ်မည်။ ထိုအခါ သန့်ရှင်းသော ဝိညာဉ်တော်သည်အလွန်ကောင်းသောဆုကျေးဇူးကိုပေးမည်။

သင်၏ ဆုကျေးဇူးသည်ယေရှု၏အစိတ်အပိုင်းဖြစ်သည်။ ကျမ်းစာ၌ဆုကျေးဇူးများစွာဖော်ပြထားသည်။ ဥပမာ - သန့်ရှင်းသောဝိညာဉ်တော်သည် သနားကြင်နာခြင်းကိုဆုကျေးဇူးအဖြစ်အချို့ကိုပေးသည်ဆိုပါစို့ ထိုဆုကျေးဇူး (သနားကြင်နာခြင်း) သည်ယေရှု၏ကိုယ်တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ထိုဆုကျေးဇူးသည် သဘာဝလွန်ဆုကျေးဇူးဖြစ်သည်။ ကျွန်တော်တို့အားလုံးသနားကြင်နာခြင်းရှိကြမည်မဟုတ်လား။ ထိုဆုကျေးဇူးသည် သန့်ရှင်းသောဝိညာဉ်တော်ကပေးသောသဘာဝလွန်ဆုကျေးဇူးဖြစ်သည်။ ယေရှုသည် ခပ်သိမ်းသောတန်ခိုးအာဏာ၊ စီရင်ပိုင်ခွင့်ရရှိပြီးဖြစ်၍ ဆုကျေးဇူးရှိသမျှသည်လည်းယေရှု၏ ခန္ဓာအစိတ်အပိုင်းဖြစ်သောကျွန်တော်တို့အသီးသီး၌ရှိပြီးဖြစ်သည်။ ထိုဆုကျေးဇူးကိုအပ်နှံသည့်အခါ ယေရှုကကျွန်တော်တို့ အသီးသီးထံလုံခြုံစွာထားရှိပေးသည်။ ထိုဆုကျေးဇူးသည် သူတို့အားယေရှုကလုံခြုံစွာထားရှိပေးသည်။

ဤနည်းလမ်းတွင် ခေါင်းဆောင်မှုသည် အားလုံးသောဘုရားသခင်၏ လူတို့ထဲတွင်ဖြစ်သည်။ ကျမ်းစာက ကျွန်တော်တို့အားနိုင်ငံတော်၏ယဇ်ပရောဟိတ်အဖြစ်ခေါ်သည်။ ဓမ္မဟောင်းကျမ်းထဲမှ လေဝိလူတို့ယဇ်ပရောဟိတ်အဖြစ် အထူးဆန်းအပ်သကဲ့သို့မဟုတ်၊ ပဋိညာဉ်သစ်တွင် အားလုံးသောဘုရားသခင်၏ လူတို့ကိုယဇ်ပရောဟိတ်အရာ၌ခန့်ထားခြင်းဖြစ်သည်။ ဘုရားသခင်၏ လူတို့ကိုယဇ်ပရောဟိတ်အရာ၌ခန့်ထားခြင်းဖြစ်သည်။ ဘုရားသခင်၏ အကြံအစည်သည်တရားနိုင်သူတစ်ဦးကိုသာ အထူးပေးရန်မဟုတ်၊ ယေရှုသည် ကောင်းကင်ဘုံသို့တက်၍သူ၏လူမျိုးအားလုံးသူ၏ ဆုကျေးဇူးကိုပေးသည်ဟု ကျမ်းစာတွင်တွေ့ရသည်။ ယေရှုသည် ယဇ်ပရောဟိတ်နိုင်ငံကိုတည်ထောင်သည်။ အမှန်တကယ်ပြောင်းလဲသောသူ၏လူတို့ကိုသူ၏ကိုယ်အစိတ်အပိုင်းအဖြစ်ထားရှိသည်။ ထို့ကြောင့် ကျွန်တော်တို့သည်ဆုကျေးဇူးရရှိဖို့လိုသည်။ ဆုကျေးဇူးများစွာ (တစ်ရာ) ရှိသည်။ အားလုံးသောဆုကျေးဇူးကိုယေရှုသည် သူ့မိသားစုတို့အားပေးတော်မူသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အားလုံးသောညီအစ်ကိုများထဲမှ ညီအစ်ကိုများဖြစ်ကြလိမ့်မည်ဟုယေရှုကပြောပါသည်။ နောက်တခါ ကျွန်တော်တို့ရှေ့မှာလူတစ်ယောက်၊ ဆုကျေးဇူးတစ်ခုတည်းဖြင့်ရပ်တည်နေခြင်းကိုမလိုလားပါ။ ကျွန်တော်တို့အားလုံးသည် ယဇ်ပရောဟိတ်များဖြစ်ကြသည်။ ပါဝင်ရသူများမဟုတ်ပါ၊ အားလုံးသည် ကိုယ်တော်နှင့်မွေ့လျော်သော အမှန်ပြောင်းလဲပြီးသူများဖြစ်ကြသည်။ ယေရှုအားဖြင့် ထိုက်တန်သူများဖြစ်ကြသည်။ အားလုံးယဇ်ပရောဟိတ်များဖြစ်ကြပြီ။

ဘုရားသခင်၏လူသည် အချို့သောဆုကျေးဇူး (အထူးအခွင့်အာဏာ) ကိုမရရှိသည့်အတွက် မရမချင်းစောင့်နေရပါမည်။ အဘယ်ကြောင့်လဲဆိုသော် လူတို့သည်အသင်းတော်ကို လွန်ခဲ့သောနှစ် ၁၈၀၀ ကျော်ကတည်းက တည်ထောင်လာခဲ့ကြရာ၊ “အသင်းအုပ်” ဆုကျေးဇူးတစ်ခုကိုသာရရှိခဲ့ကြသည် (သို့မဟုတ်ငွေပေးခြင်းဆုကျေးဇူးကို လူတိုင်းပိုင်ဆိုင်ခွင့်ပေးထားခြင်းဖြစ်နိုင်သည်)။ သို့သော် သင်းအုပ် (သိုးထိန်း) သည်ဆုကျေးဇူးတစ်ခုသာဖြစ်သည်။ အသင်းတော်ကို မှားယွင်းစွာတည်ထောင်မိပါက ဘာကိုမှရမည်မဟုတ်။ အားလုံးဆုံးရှုံးပါမည်။ အကယ်၍ လူတစ်ယောက်ကိုသင်းအုပ်ရှေ့သို့ခေါ်ဆောင်လျှင် လက်ဆောင်တခုခု

မရမချင်းစောင့်နေရုံ ထိုင်နားထောင်နေရုံသာဖြစ်သည်၊ သင်းအုပ်ဆရာ၏ လက်ဆောင်ကိုသာရရှိပါမည်။ ဤအရာသည် လာဘ်ထိုးခြင်းနှင့်ဆိုင်သော အလွန်သေးငယ်သည့်အရာသာဖြစ်သည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ ကြီးမြတ်ခြင်းကိုမြင်လိုလျှင်၊ မိမိအသက်တာတခုလုံးနှင့်သားသမီးတို့ ပြောင်းလဲခြင်းကို မြင်တွေ့လိုလျှင်ယေရှု၏ အရာခပ်သိမ်းသောအရာကိုရရှိဘို့လိုသည်။ ညီအစ်ကိုမောင်နှမများရရှိသော ဆုကျေးဇူးသည် ခရစ်တော်၏အစိတ်အပိုင်းတစ်ခုရရှိခြင်းပင်ဖြစ်သည်။ ကလေးများရရှိသောဆုကျေးဇူးသည်လည်း ခရစ်တော်၏အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ ကျွန်တော်တို့အသက်တာတွင်အားလုံးသော ဆုကျေးဇူးများရရှိဖို့လိုသည်။ ကျွန်တော်တို့သည် ခရစ်တော်၌ညီအစ်ကိုမောင်နှမများဖြစ်ကြသည်။ ဘုရားသခင်နှလုံးသားသည်သင်ရရှိသော ဆုကျေးဇူးကိုကျွန်တော်လည်းရရှိဖို့နှင့်ကျွန်တော်ရရှိသော ဆုကျေးဇူးကိုလည်း သင်၌ရရှိစေဖို့ဖြစ်သည်။ ကျွန်တော်တို့သည်ယေရှု၏ အစိတ်အပိုင်းတစ်ခုတည်းကိုသာရရှိဖို့မဟုတ်၊ ယေရှု၏ အားလုံးတကိုယ်လုံးကိုရရှိပိုင်ဆိုင်ဖို့ဖြစ်သည်။ အာမင်။

"သင်သည် သတ္တိရှိရမည်" ဟုကျွန်တော်ပြောရခြင်းကိုနားလည်ပါသလား၊ ခပ်သိမ်းသော အရာသည် ပြောင်းလဲရမည်။ သင်သည်ဘဝကိုပြောင်းလဲပစ်ရမည်။ ယခုသင်လုပ်နေသောအရာသည် သင်မရရှိ မပိုင်ဆိုင်သေးသောအရာဖြစ်သည်။ သင်၏ဆုကျေးဇူးများကို ပိုမိုရရှိပိုင်ဆိုင်ဖို့ဆုံးဖြတ်ချက်ထားရှိရမည်။ ထိုအခါ အခြားသောအရာများကိုလုပ်ဘို့ကြိုဆိုလက်ခံတတ်လာမည်။ သင်ဆုံးဖြတ်ရမည်မှာ "နာခံဘို့နှင့်သတ္တိရှိဘို့ဖြစ်သည်။ သင်သည်သင်၏ထိုင်ခုံ၌ဖြစ်စေ၊ ကြမ်းပြင်၌ဖြစ်စေတချိန်လုံးထိုင်နေမည်ဆိုလျှင်၊ သင်ဆုကျေးဇူးကို အသုံးမချဘူးဆိုလျှင်၊ သင်ရရှိပြီးသောဆုကျေးဇူးသည် တဖြည်းဖြည်း တရွေ့ရွေ့ကုန်ခန်းကာပျောက်သွားလိမ့်မည်။ ကိုယ်တော်သည်သစ္စာရှိသောသူ၊ စိတ်ချရသောသူအား သူ၏ဆုကျေးဇူးကိုပေးတော်မူသည်။ ခံစားရရှိသောဝေစု (အခွက် ၁၀) ကိုဝှက်ထားသောသူအကြောင်းမှတ်မိပါသလား၊ ယေရှုက ထိုသူကို ဤသို့ပြောပါသည် "ဆိုးညစ်ပျင်းရိသောငယ်သား" ကျွန်တော်တို့လည်း ယေရှုစေခိုင်းသောအလုပ်ကိုမလုပ်လျှင် ထိုနည်းတူအပြောခံရမည်ကို သတိရပါ။ ကျွန်တော်တို့ရရှိပြီးသော ဆုကျေးဇူးကို အသုံးမချလျှင် ကျွန်တော်တို့လည်း "ဆိုးညစ်ပျင်းရိသောငယ်သား" ပင်ဖြစ်သည်။

သင်သည် အိုလံပစ်အပြေးသမားဖြစ်ပြီးတော့ ကုတင်ပေါ်မှာအိပ်ပြီး လူတို့ကကြိုးဖြင့်တုပ်ပြီး ချည်နှောင်ခံရသည်ဆိုပါစို့ ချန်ပီယံအားကစားသမားဖြစ်စေကာမူ ကုတင်ပေါ်မှာနှစ်နှင့်ချီ၍ကြိုးတုပ်ခံရလျှင် သင်၏ကြွက်သားသည် ညှိုးနွမ်းခြောက်သွေ့ပြီးအမှန်သေရမည်ဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ နှစ်နှင့်ချီ၍ ကုတင်ပေါ်တွင် ကြိုးတုတ်ခံရသည့်အတွက်သင်၏အစွမ်းအစရှိသမျှဆုံးရှုံးသွားမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုလုယူခိုးဝှက်သောသူနှင့်ပတ်သက်၍ ရှေးလူကြီးသူမတို့ ဘုရားသခင်၏အိမ်တော်ကို နှစ်ပေါင်း ၁၈၀၀ကျော်ကြားတည်ဆောက်လာခဲ့သောသူများအနက်လူများစုဖြစ်သော ဘုရားသခင်၏ လူတို့သည်ကုတင်ပေါ်မှာချည်နှောင်ခြင်းခံနေရသည်။ သူတို့သည် ထနိုင်၊ပြေးနိုင်ခြင်းငှာမတတ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည်မှားယွင်းစွာ တည်ဆောက်လာခဲ့သောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုမခံယူမလိုက်လျှောက်လိုပါ။

# ယေရှုခေါင်းဆောင်သူနှင့်ဦးခေါင်းယေရှုခေါင်းဆောင်သူနှင့်ဦးခေါင်း

## ယေရှု၏ ခေါင်းဆောင်ခြင်း

## သူ့လူများအားလုံးအပေါ်၌

မှားယွင်းနေသော ခရစ်ယာန်လောကဟာ နှစ်ပေါင်းများစွာလူတွေကို ကျဆင်းစေတယ်။ လူများစွာ ကျဆင်းနေချိန်တွင်လူနည်းစုသာတန်ခိုးရှိသော၊ ကျော်ကြားကြွယ်ဝသောခေါင်းဆောင်များဖြစ်လာကြသည်။ အမေရိကန်၊ အိန္ဒိယ၊ ပိုလန်၊ ရိုမေးနီးယား၊ ဘရာဇီးနှင့်တစ်ကမ္ဘာလုံးမှာ သူရဲကောင်းခရစ်ယာန်နှင့်သာမာန် ခရစ်ယာန်များဟူ၍ ရှိသည်။ ဒါအင်မတန်မှ ဆရာ၊ ကိုယ်တော်၊ သင်းအုပ်ဆရာ၊ သခင်၊ သိက္ခာတော်ရ ဟူ၍မခေါ်ပါနှင့် အကြောင်းမူကား သင်တို့ဟာခမည်းတော်၌ ညီအစ်ကိုများဖြစ်ကြသည်ဟုဆို၏။ ယေရှုက လွဲ၍ ဘယ်သူမှစစ်မှန်သောခရစ်ယာန်သူရဲကောင်းမရှိပါ။ သူ့ဝိညာဉ်အားဖြင့် အတူတကွရှိနေချိန်တွင် ယေရှုက လွဲ၍ ဘယ်သူမှငွေတွေ၊ လူတွေ၊ ဆုံးဖြတ်ချက်တွေ တရားဝင်ထိန်းချုပ်မယ့်သူမရှိရဘူး။ ဧဖက် ၄ တွင် ကျမ်းစာဆိုလိုသည်မှာ ယေရှုကောင်းကင်သို့ ကြွသွားပြီး သူ့ဝိညာဉ်စေလွှတ်သောအခါ၊ သူကိုယ်တိုင်၊ အသင်းတော်နှင့်ခရစ်ယာန်၏ ကိုယ်ခန္ဓာအနှံ့အပြံ့တွင်ရှိသည်။ ယေရှု၌ ဆုကျေးဇူးများစွာရှိ၍ သူ၏လူများ၌ အပ်နှင်းထားသည်။ ယေရှုသည်ဘုရား၏ လူ (သို့) သင်းအုပ်တို့၌သာဆုကျေးဇူးများကို စရံအနေဖြင့် အပ်နှင်း ထားခြင်းမဟုတ်ပါ။ ကိုယ်ခန္ဓာတစ်ခုလုံးကို ဆုကျေးဇူးပေးထားသည်။ ကျမ်းစာလာသည်မှာ ဝိညာဉ်တော်ဟာ အသင်းတော်တစ်ခုလုံးပေါ်မှာစံရန်နှင့်လက်ဆောင်ဖြစ်သည်။ သင်ဟာ စစ်မှန်သောခရစ်ယာန်၊ ယေရှုအတွက် သင့်ဘဝစွန့်လွှတ်ရင် သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကိုအလွန်ထူးခြားသော ဆုကျေးဇူးပေးမည်။

ထို့နောက် သင်၏ဆုကျေးဇူးသည် ယေရှု၏အစိတ်အပိုင်းဖြစ်သည်။ ကျမ်းစာ၌ ဆုကျေးဇူးများစွာ ရှိသည်။ ဥပမာအားဖြင့် ဝိညာဉ်တော်သည် ဂရုဏာတရားကို ဆုကျေးဇူးအနေဖြင့်ပေးထားသည်။ ဂရုဏာတရားဆိုတာ ယေရှု၏အစိတ်အပိုင်းဖြစ်ပြီး တချို့လူတွေကိုလည်းပေးထားသည်။ ဤအရာဟာ သဘာဝလွန်ဆုဖြစ်သည်။ ကျွန်ုပ်တို့အားလုံး၌လည်း ဂရုဏာတရားရှိသည်။ သို့သော် သဘာဝလွန်ဂရုဏာ တရားဟာ ဝိညာဉ်တော်၏ဆုဖြစ်သည်။ အခွင့်အာဏာအားလုံးဟာ ယေရှု၌ရှိပြီးကျွန်ုပ်တို့၌ရှိသော ဆုကျေးဇူး အသီးသီးတွေဟာ ယေရှု၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၌ရှိသော ဆုကျေးဇူးအသီးသီးကို ခရစ်တော်၌ အပ်နှံထားရမည် အဘယ့်ကြောင့်ဆိုသော် သူသည်ဤအရာများပေးတော်မူသောသူဖြစ်သောကြောင့်ဖြစ်သည်။

ဤနည်းလမ်းဖြင့် ခေါင်းဆောင်မှုဆိုတာ ဘုရား၏လူများ၌ဖြစ်သည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို နိုင်ငံတော်၏ ယဇ်ပရောဟိတ်များဟုခေါ်သည်။ ကျမ်းစာက နိုင်ငံတော်၌ရှိသော ယဇ်ပရောဟိတ်များဟု မဆိုလိုဘဲနိုင်ငံတော်၏ယဇ်ပရောဟိတ်များဟုဆိုသည်။ ဓမ္မဟောင်း၌ရှိသော လေဝိလူမျိုးစုကဲ့သို့မဟုတ်တော့ ပါ။ ဓမ္မသစ်ပဋိညာဉ်တွင် ဘုရား၏လူများတွေဟာ တစ်ဦးနှင့်တစ်ဦး ယဇ်ပရောဟိတ်များဖြစ်ရန် ဆိုလိုပါသည်။ ဘုရား၏ရည်ရွယ်ချက်မှာတရားဟောကောင်းပြောနိုင်သော သန့်ရှင်းသူတစ်ယောက်မျှသာမဟုတ်ပါ။ ကျမ်းစာ လာသည်မှာ ယေရှုသည်ကောင်းကင်သို့ကြွပြီးသူ၏လူများကို ဆုကျေးဇူးများ ပေးထားသည်ဟုဆိုလိုပါသည်။ နိုင်ငံတော်၏ယဇ်ပရောဟိတ်များ ဖြစ်စေသည်။ တကယ်ပြောင်းလဲသော လူကြီး၊ လူငယ်များပေါ်၌ သူကိုယ်တိုင် တည်ရှိပါသည်။ ထို့ကြောင့် တစ်ဦးပေါ်တစ်ဦး ဆုကျေးဇူးများလိုအပ်ပါသည်။ ယေရှု၏ ဆုကျေးဇူးအားလုံး

ကျွန်ုပ်တို့ လိုအပ်ပါသည်။ ဆုကျေးဇူးဟာ ရာကျော်ရှိမည် အဘယ်ကြောင့်ဆိုသော် ယေရှုဟာသူ့မိသားစုအပေါ် သွန်းလောင်းသောကြောင့်ဖြစ်သည်။ ဒါကြောင့် ယေရှုမိန့်ဆိုသည်မှာ ကျွန်ုပ်တို့ဟာညီအစ်ကိုများကြား၌ အငယ်ဆုံးသူဖြစ်ရန် မိန့်ဆိုခဲ့သည်။ ကျွန်ုပ်တို့၌ ဆုကျေးဇူးတခုသာရှိသော လူတဦး၏ ဦးဆောင်ခြင်းကို နောက်ထပ်မလိုတော့ပါ။ နောက်ထပ်ကျွန်ုပ်တို့ခွင့်မပြုတော့ပါ။ ဒို့အားလုံးဟာ သူ၏တကယ် ပြောင်းလဲသောသူများ၊ နေ့တိုင်းသန့်ရှင်းသောအသက်တာဖြင့်အသက်ရှင်သူများဖြစ်ကြသည်။ ဒို့အားလုံးဟာ ယဇ်ပရောဟိတ်များဖြစ်ကြသည် (ဟေဗြဲ ၃း၁၂-၁၄)။

လူတိုင်းကထိုင်မယ် စောင့်ကြည့်မယ်ပြီးတော့ ဘုရား၏လူတစ်ယောက်ထဲ၌သာ အထူးအခွင့်အရေး တချို့ရှိတာမဟုတ်။ အဘယ်ကြောင့်ဆိုသော် နှစ်ပေါင်း ၁၈၀၀ ကျော် ဤကဲ့သို့ဘဲ သင်းအုပ်ဆရာတဦး ထဲ၌သာဆုကျေးဇူးရှိသလို ကျွန်ုပ်တို့လုပ်ဆောင်ခဲ့ကြတယ်။ သင်းအုပ်ခြင်း/ သိုးထိန်းခြင်းဆိုတာ ဆုကျေးဇူး တစ်ခုသာဖြစ်သည်။ မှားယွင်းစွာ တည်ဆောက်ရင်ကျွန်ုပ်တို့အားလုံး ဆုံးရှုံးကုန်လိမ့်မည်။ လူတစ်ဦးသာလျှင် ရှေ့မှာထွက်၊ သင်းအုပ်လုပ်စေပြီးတချိန်လုံးအားလုံးက ထိုင်မယ်၊ နားထောင်မယ်ဆိုရင်၊ သင်၏ဆုကျေးဇူးလည်း၊ ဘယ်သူမှမျှဝေခံစားရနိုင်မည်မဟုတ်ပါ။ လူတိုင်းဟာ သင်းအုပ်ဆုကျေးဇူးသာလျှင်ရမယ် ဒါဟာအလွန် ကျဉ်းမြောင်းပြီး ပျက်ဆီးရန်လွယ်ကူပါ သည်။

ဘုရား၏ ကြီးမြတ်ခြင်း၊ ဒို့အားလုံးအသက်တာပြောင်းလဲတာ၊ သားသမီးအသက်တာများ ပြောင်းလဲ တာမြင်ချင်ရင် လူတိုင်းက ယေရှုလိုအပ်တယ်။ ညီအစ်ကို မောင်နှမများ၌ရှိသော ဆုကျေးဇူးများဟာ ယေရှု၏ အစိတ်ပိုင်းဖြစ်သည်။ ကလေးများတောင်မှ ယေရှုနှင့်ဆိုင်သောဆုကျေးဇူးများ ပိုင်ဆိုင်ကြသည်။ အသက်တာ၌ ထိုကဲ့သို့ဆုကျေးဇူးများ ဒို့အားလုံးလိုအပ်ပါသည်။ ဒို့အားလုံးညီအစ်ကိုတွေဖြစ်တယ်။ ဘုရား၏စိတ်တော် ဟာငါ့မှာရှိသော ဆုကျေးဇူးကို သင့်ကိုပေးမယ်၊ သင့်၌ရှိသော အရာလည်းငါ့ကိုပေးမယ်ထိုကဲ့သို့ စိတ်ဓာတ်မျိုး ဖြစ်သည်။

ကျွန်ုပ်တို့ဘာကြောင့် သတ္တိရှိရန်ပြောတယ်ဆိုတာသင်သိမြင်နိုင်သလား။ အရာအားလုံးဟာ ပြောင်းလဲရ မယ်။ သင်လုပ်နေသောအရာကို သင်ဆက်လက်လုပ်ဆောင်လို့မရဘူး။ သင်၏ဆုကျေးဇူးကို ထုတ်သုံးရန် သင်ဆုံးဖြတ်ရမယ် တခြားသူတွေလည်း သင်လိုလုပ်ဆောင်ရန်ကြိုဆိုလက်ခံရမယ်။ သင်သတ္တိရှိရန်နှင့်နာခံမှု ရှိရန်ဆုံးဖြတ်ချက်ချရမယ်။ သင်၏ဆုကျေးဇူးကိုမသုံးဘဲတချိန်လုံး စားပွဲပေါ်မှာဘဲထိုင်နေမယ်၊ ကြမ်းပြင်ပေါ်မှာဘဲ ထိုင်နေရင် ဆုကျေးဇူးတွေဟာ တစဆီတစလျော့ပါးသွားလိမ့်မည်။ ဆုကျေးဇူးပေးခြင်းခံရသူသည် သစ္စာရရှိစွာ ထုတ်သုံးရမည်။ လူတယောက်သူ၏ဆုကျေးဇူးမြေမှာ မြှုပ်ထားသောသူသည် ဘာဖြစ်သလဲဆိုတာ သင်သတိရ ပါသလား။ ယေရှုမိန့်ဆိုသည်မှာ မလုပ်သောအခါ ယေရှုကပြောရမယ့်အရာဖြစ်သည်။ ငါ့ရဲ့ဆုကျေးဇူးကိုမသုံး သင်လည်းသင့်ဆုကျေးဇူးမသုံးရင် ကျွန်ုပ်တို့ဟာဆိုးညစ်သောသူ၊ ပျင်းရိသောသူများဖြစ်ကြသည်။

သင်ဟာအိုလံပစ်၌ အပြေးသမားတစ်ယောက်ဖြစ်လျှက်နဲ့လူတစ်ယောက်က သင့်ကိုကြိုးနဲ့ချည်နှောင် ပြီး အိပ်ယာထဲ၌ထားရင်သင်ဘာဖြစ်မလဲ။ သင်ဟာ ချန်ပီယံအားကစားသမားတစ်ယောက်ဖြစ်သော်လည်း သင့်ကို ကြိုးနဲ့ချည်ပြီး အိပ်ယာထဲ၌ထားလျှင် နောက်ဆုံးတော့ သင်သေလိမ့်မည်။ သင်၏ခွန်အားရှိသမျှ ကုန်လိမ့်မယ် အဘယ်ကြောင့်ဆိုသော် သင်ဟာလပေါင်းများစွာ (သို့) နှစ်ပေါင်းများစွာ ကြိုးချည်ခံရပြီး အိပ်ယာထဲ၌လဲသောကြောင့်ဖြစ်သည်။ ထုံးတမ်းစဉ်လာလူများဟာ ဘုရားနှုတ်ကပတ်တော်ကို ဘယ်လိုခိုးပြီး ခါးပြတိုက်သလဲဆိုတာသင်မြင်သလား။

နှစ်ပေါင်း ၁၈၀၀ ကျော် ဘုရား၏အိမ်တော်ကို ဒီနည်းဖြင့်တည်ဆောက်ခဲ့ကြတယ်။ သူတို့၏ ခရီးပန်းတိုင်ထိမရောက်နိုင်၊ မပြေးနိုင်၊ မထနိုင်ဖြစ်ရသည့်အကြောင်းမှာ လူသားတွေဟာမှားယွင်းစွာ တည်ဆောက်ကြတယ်။ နှုတ်ကပတ်တော်အတိုင်းနောက်မလိုက်ကြဘူး။ ကျွန်ုပ်တို့အသင်းတော်၌ တစ်ယောက် (သို့) ဝန်ထမ်းတစ်ယောက်သာလျှင် တင်မြှောက်ပြီး အသင်းတော်ကိုတည်ဆောက်ရင် တခြားလူတွေရဲ့ ဆုကျေးဇူးများကို ငြိမ်းစေကြမည်။ ကျွန်ုပ်တို့ဟာ ကောင်းကင်ဘုံ၌ရာဇဝတ်သားတွေဖြစ်ကြမယ် အဘယ့်ကြောင့်ဆိုသော် ဆုကျေးဇူးမသုံးပဲ၊ ပျက်စီးစေသောကြောင့်ဖြစ်သည်။

မှားယွင်းစွာတည်ဆောက်ရခြင်းမှာ လူတွေဟာအမြဲတမ်းလိုဆိုးတဲ့လူတွေဖြစ်လို့တော့မဟုတ်ပါ။ အများစုဟာ ဘုရား၏ဒီဇိုင်းအတိုင်း ဘယ်လိုဘုရား၏ အိမ်တော်တည်ဆောက်ရမည်ကိုမသိသော ကြောင့်ဖြစ်သည်။ နှစ်ပေါင်း ၁၈၀၀ ကျော်က ခရစ်ယာန်တွေဟာ ခရစ်ယာန်ဆိုတာ ဘယ်သူလဲ . . . ဘယ်သူက ခေါင်းဆောင်လဲ . . . နေ့စဉ်အသက်တာဆိုတာ ဘယ်လိုတူရမလဲ အစည်းဝေးဟာ ဘယ်လိုတူရမလဲ ဆိုသော အချက်များပေါ်မှာ ရှုပ်ထွေးနေကြတယ်။ ဖခမည်းတော်သည် သင်၏ အသက်တာ၌ ယခုချိန်ခါ ပြန်လည်ပြီးတည်ဆောက်ပေးချင်တယ်။ ရှင်ဘုရင် ဂျိုရှိုယား (Jsiah) ခေတ်တွင် ဘုရားနှုတ်ကပတ်တော်ဟာ လျစ်လျူရှုခြင်းခံရတယ်။ ထုံးတမ်းစဉ်လာခေတ်၌ သမ္မာတရားဟာမြေမြှုပ်ခြင်းခံရတယ်။ အချိန်တော်ကြာ လျစ်လျူရှုခံရတဲ့ သမ္မာတရားဟာယခုချိန်လူတွေကို လွှတ်မြောက်ခြင်းပေးနိုင်တယ်။ ဘုရားသခင်ဟာ အံ့သြဖွယ်ရာဖြင့် သင့်ကိုပြောင်းလဲစေပြီး သင့်ပတ်ဝန်းကျင်ရှိ လူတွေကိုလည်း ပြောင်းလဲစေမယ်။ ဤအရာတွေဟာ အလွန် တန်ခိုးရှိပြီး၊ တန်ဖိုးရှိပါတယ်။ သင်၏မြို့ရွာရှိလူတွေကို ကယ်တင်ဖို့ဘုရားသခင်ဟာ နှောင့်နှေးမှုမရှိပါ။ လွန်ခဲ့သောအချိန်၌ လျစ်လျူရှုပြီးနာခံမှုမရှိခဲ့သော သမ္မာတရားကိုလက်တွေ့လုပ်ဆောင်ရန် သတ္တိရှိရမယ်။ ယေရှုအတွက်ရဲရင့်စွာအသက်ရှင်သောကြောင့် သူကိုယ်တိုင်သင်၏ သိုးထိန်းသင်၏ကွယ်ကာရာ၊ ခိုလှုံရာဖြစ်လိမ့်မည်။

## ယေရှု၏ခေါင်းဆောင်ခြင်း
## ရှမွေလနှင့်ရှောလု၏ခြားနားချက်

ခရစ်တော်၏ ခန္ဓာကိုယ်ခေါင်းဆောင်ခြင်းနှင့်ဆုကျေးဇူးတွေဟာ အမျိုးအစားများပြားစွာရှိပါသည် (ဧဖက် ၄၊ ရောမ ၁၂၊ ၁ကော ၁၂၊ ၁တိ ၃၊ တိတု၁)၊ ဧဖက် ၄ ၌ ခရစ်တော်၏ ကိုယ်ခန္ဓာ၌ နက်နဲစွာ မိတ်ဖွဲ့ခြင်း၊ ရင့်ကျက်ခြင်းတွေကိုဖော်ပြသည်သာမက ဤအဆုံးထိရောက်ရန်လိုအပ်သော တန်ဆာပလာများကိုလည်း ဖော်ပြထားသည်။

"ခရစ်တော်၏ကိုယ်တော်ကို တည်ဆောက်၍ ဓမ္မဆရာ၏အမှုကို ပြုတတ်မည်အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှာ၊ ထိုသခင်သည်လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်အရာဆရာအရာ၌၎င်း၊ ခန့်ထားတော်မူ၏။ ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏ သားတော်ကိုသိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏

အဖြစ်သို့ ရောက်ကြသည်တိုင်အောင်ဖြစ်သတည်း။အကြောင်း မူကား၊ သူတစ်ပါးတို့သည် လူပရိယာယ်နှင့် အပြစ်သို့သွေးဆောင်ခြင်းငှာ လှည့်ဖြားပြောဆိုသဖြင့်ငါတို့သည် နောက်တစ်ဖန်ခပ်သိမ်းသော ဩဝါဒ လေတိုက်၍ ဖရိုဖရဲလွင့်သွားသော သူငယ်မဖြစ်ဘဲလျှက်၊ မေတ္တာစိတ်နှင့်သမ္မာတရားကို ဟောပြောသဖြင့်၊ ဦးခေါင်းတည်းဟူသော ခရစ်တော်မှာအရာရာတို့၌ကြီးပွားကြမည်အကြောင်းတည်း။ ထိုဦးခေါင်းမှ အဆစ်အပိုင်းများတို့သည် အားဖြစ်သဖြင့်တစ်ကိုယ်လုံးသည် စေ့စပ်ထုံးဖွဲ့လျှက်၊ အသီးသီးအင်္ဂါများ ကိုယ်ငန်းကိုယ်တာ အတိုင်းပြုပြင်သည်နှင့်အညီ မိမိကိုယ်ကိုမေတ္တာ၌ တည်ဆောက်ခြင်းငှာကြီးပွားစေတတ်၏။ (ဧဖက် ၄း၁၁-၁၆)။

အမည်နာမ ရာထူးတွေတပ်ဆင်ခြင်းကို ယေရှုကိုယ်တိုင်တားမြစ်ထားပါသည်။ ဒါဟာ ဘုရားသခင်၏ ခေါင်းဆောင်မှု အမျိုးအစားလား (သို့) လူတွေ၏ ခေါင်းဆောင်မှု အမျိုအစားလားဆိုတာ သိရန် စစ်ဆေးခြင်း ဖြစ်သည်။

ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံအသီးသီး၌ အသင်းတော်တွင်း ခေါင်းဆောင်မှုကိုမှားယွင်းစွာ လုပ်ဆောင် နေကြတယ်။ နေရာတော်တော်များများ၌ ကျမ်းစာကျောင်းဆင်းတွေ၊ စီးပွားရေးသမား၊ စကားပြောကောင်းသူ တွေသာ ခေါင်းဆောင်၊ သင်းအုပ်လုပ်စေကြတယ်။ အိန္ဒိယနိုင်ငံ၌သာမက၊ တခြားတိုင်းတွင်အချိန်များစွာ၌ ကျွန်တော်မြင်ဘူးဒါက စက်ဘီးစီးပြီးစာဖတ်နိုင်သူကိုခေါင်းဆောင်လုပ်စေကြတယ်။ ဒါဘုရား၏လမ်းစဉ် မဟုတ်ပါ။ ဘုရားနှင့်ဆိုင်သော ခေါင်းဆောင်ခြင်းဟာ စာဖတ်နိုင်သူ၊ အားလုံးထဲမှာ အသိတရား၊ အများ ဆုံးသူ၊ စကားပြောကောင်းသူ၊ စီးပွားရေး၌ အောင်မြင်သူ၊ ချမ်းသာသူ၊ ပညာတတ်၊ ကြည့်လို့ကောင်းသူ၊ စက်ဘီးရှိသူ စသည်တို့၌သာ အခြေခံတည်ရှိခြင်းမဟုတ်ပါ။

ခြားနားသော ခေါင်းဆောင်မှုနှစ်ချက်ကိုကျွန်တော်ရှင်းပြပါရစေ။ တစ်ခုက နှလုံးသားမှခေါင်းဆောင် ခြင်း၊ လက်ရှိဘုရားနှင့်မိတ်ဖွဲ့ခြင်းမှ စီးထွက်လာခြင်းဖြစ်သည်။ နောက်တခု ခေါင်းဆောင်မှုကတော့ ဘွဲ့ရာထူး အားဖြင့်ရရှိသော၊ အမြင့်ဆုံး၌ထိုင်သော၊ ခေါင်းဆောင်မှုမျိုး မဟုတ်ပါ။ အသင်းတော်ရှိ ခေါင်းဆောင်များဟာ ဘွဲ့ရာထူးအားဖြင့်ရရှိသော ခေါင်းဆောင်မှုမျိုးမဟုတ်ပါ။ အသင်းတော်ရှိ ခေါင်းဆောင်များဟာ နေ့စဉ်ဘုရားနှင့် အနီးကပ်ဆုံး လျှောက်လှမ်းသောသူများဖြစ်သည်။ ညီအစ်ကို (သို့) ညီအစ်မက ယနေ့ဘုရားနှင့် နီးကပ်စွာ မလျှောက်လှမ်းရင် ထိုကဲ့သို့သော ခေါင်းဆောင်ဖြစ်သည်ဟုမယူဆသင့်ပါ။ လူတစ်ယောက်ဟာ လွန်ခဲ့တဲ့ အပတ်က ဘုရားနဲ့နီးကပ်စွာမရှိခဲ့ဘူး သို့သော် အပြစ်ဝန်ချပြီး ပြန်ဆက်ကပ်တဲ့အခါမှာ ဒီအပတ်တော့ လွန်ခဲ့တဲ့အပတ်ထက်ပို၍ခေါင်းဆောင်ကောင်းပို၍ ဖြစ်လာပြန်တယ်။ ခေါင်းဆောင်ဖြစ်ခြင်းဆိုတာ ဘုရား နဲ့မိတ်ဖွဲ့ခြင်းနှင့်ဘုရား၏လူတွေ မိတ်ဖွဲ့ခြင်းမှထွက်လာတယ်။ ခေါင်းဆောင်က ရုံးခန်းမှ (သို့) ရာထူးဘွဲ့မှ လာတာမဟုတ် ကျွန်တော်တို့နေထိုင်သောမြို့တွင် ခေါင်းဆောင်များစွာရှိလိမ့်မည်။ သို့သော်ကျွန်ုပ်တို့၌ အရာရှိ ဝန်ထမ်းများမရှိပါ။ ဒီပတ်ခေါင်းဆောင်က ရှေ့ပတ်တွက် ခေါင်းဆောင်မဖြစ်နိုင်ပါ။ ယေရှုကမိန့်ဆိုခဲ့သည်မှာ ကောင်းကင်နှင့်မြေကြီးပေါ်မှာရှိသမျှ အခွင့်တန်ခိုးမှန်သမျှကို ငါ၌ရှိ၏ဟုဆိုသည်။ ဤအရာဟာ တကယ် မှန်ကန်တုန်းပဲဖြစ်တယ်။ အခွင့်တန်ခိုး၊ အာဏာအားလုံးရှိသူ ယေရှုဆီက ကျွန်ုပ်တို့ကြားသမျှလောက် သာကျွန်ုပ်တို့၌လည်း အခွင့်တန်ခိုးရှိမယ်။ ဒါအားလုံးပါပဲ။ ကောင်းကင်နှင့်မြေကြီးပေါ်မှာရှိသမျှ အခွင့်တန်ခိုး

အာဏာအားလုံးငါ၌ရှိပြီဟု ယေရှုဆိုခဲ့တယ်။ ယေရှုကိုမသိသူ၊ သူ့ပေါ်နာခံမှုမရှိသူဟာ ပြယုဂ်တစ်ခုမျှသာ ဖြစ်နိုင်တယ်။

သူတို့တွေဟာ ရာထူးနေရာတခုရှိရင်အသိတရားထဲက ခွင့်ပြုသလောက်ထိုပုဂ္ဂိုလ်ဟာနာခံမှုရှိဖို့ လိုအပ်တယ်။ သို့သော်သူတို့တွေဟာ ခေါင်းဆောင်ဖြစ်သော ယေရှုအပေါ်နာခံမှု၊ ချစ်ခြင်း၊ သိမြင်သလောက် အပေါ်တွင်သာ ခေါင်းဆောင်တစ်ယောက်ဖြစ်နိုင်တယ်။

တကယ်ခြားနားသော ခေါင်းဆောင်နှစ်ယောက် ကျမ်းစာထဲက ဥပမာအားဖြင့်တွေ့နိုင်ပါတယ်။ ရှေမွေလနှင့်ရှောလုတို့ဟာ ဘုရား၏လူများ၊ ဣသရေလလူမျိုး၏ ခေါင်းဆောင်များဖြစ်ကြတယ်။ ရှေမွေလဟာ ဘုရားကိုသိသောကြောင့် နိုင်ငံအပေါ်မှာလွှမ်းမိုးမှုရှိသောသူဖြစ်တယ်။ ရှေမွေလဟာ ဘုရင်၏အရည်ချင်း မျိုးများစွာရှိတယ်။ သို့သော်ဘုရင်မဖြစ်ခဲ့ဘူး။ သို့သော်လည်း ရှောလုဟာဘုရင်ဖြစ်တယ်။ ဣသရေလူမျိုးတွေဟာ ဘုရင်ကိုလိုချင်တယ်။ သူတို့တွေ တစ်ယောက်သာ သူဌေးကြီးတစ်ယောက်လိုချင်တယ်။ သူတို့တွေဟာ သူများနိုင်ငံတွေလို ဘုရင်တစ်ယောက်လိုချင်ပြီး ရှမွေလဟာရာထူးအာဏာမရှိဘူး၊ သူဟာဘုရားနဲ့ အတူလျှောက်လှမ်းပြီး လုပ်ဆောင်တယ်။ ရှောလုဟာ သူ၏ရာထူး၊ ရုံးမှလုပ်ဆောင်တယ်၊ ရှမွေလဟာ ရုံးမှလုပ်ဆောင်တယ်၊ ရှမွေလဟာရုံးမရှိ၊ အတွင်းရေးမှူးမရှိ၊ လစာလည်းမရှိပါ။ သူဟာ ဘုရင်တစ်ယောက် ကဲ့သို့မဟုတ်ဘဲ ရာထူးအဆင့်၌မနေ။ ရှမွေလဟာ အများလေးစားအောင် ဘုရင်ကဲ့သို့မဟုတ်ဘဲ ဘုရား၏ လူတစ်ယောက်ကဲ့သို့နေတယ်။ သို့သော် သူ့မှာရုံးမရှိ၊ ရာထူးအဆင့်မရှိ၊ ဘုရင်လည်းမဟုတ်၊ သင်းအုပ်လည်း မဟုတ်၊ သူဟာဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်သောသူသာလျှင်ဖြစ်တယ်။ ထို့နောက် သူဟာဘုရား ဆီကအသံတော်ကြားနိုင်သောကြောင့် သူ့မှာလွှမ်းမိုးမှုရှိတယ်။ သူ့မှာရာထူးမရှိ . . . သူ့မှာလွှမ်းမိုးမှုရှိတယ်။ လူတစ်ယောက်ဟာ ဘုရားကိုတကယ်သိရင် ဘုရားရဲ့လူတွေကိုကူညီရလိမ့်မယ်။ သူ့ကိုဘုရားခေါ်ရင်ဘုရားရဲ့ လူတွေကိုကူညီရလိမ့်မယ်။ ကျွန်တော်ပြန်ပြောပါရစေ ဘုရား၏လူတကယ်ဖြစ်ရင် ရာထူးအဆင့်ဆိုတာမရှိပါ လွှမ်းမိုးမှုသာရှိတယ်။ ယောဘ ၉ တွင်ဘုရားနှင့်လူတွေက လေးစားခြင်းခံရသောပုဂ္ဂိုလ်ဟာစာတန်ကမုန်းတယ်၊ ကြောက်တယ်လို့ဖော်ပြပါတယ်။ ထိုပုဂ္ဂိုလ်မှာ ရုံး၊ ရာထူး၊ လစာရှိဖို့မလိုအပ်ပါ။ သင်ဟာ ယေရှုကဲ့သို့ဖြစ်ရင် အာဏာတန်ခိုးမလိုအပ်ပါ။

အသင်းတော်လူကြီးနှင့်အသင်းလူကြီးများအတွက်တော့ ကျမ်းစာ၌ဖော်ပြထားသောအရာကို သတိထားရလိမ့်မယ်။ (၁) ယခုခေတ်ချိန်တွင် ဒီလိုမျိုးအရည်ချင်းတွေနဲ့ပြည့်စုံသူတွေဟာ တွေ့ရခက်တယ် (၁တိ ၃၊ တိတု)။ ကျမ်းစာနှင့်ကိုက်ညီခြင်းမရှိသော သူတွေကိုလူကြီး၊ သင်းထောက်လူကြီး၊ သိုးထိန်း၊ သင်းအုပ်ဟူ၍ မစဉ်းစားသင့်ပါ။ (၂) အသင်းလူကြီးတွေကို အသင်းသားမှမဲပေးရွေးတင်ခြင်းမပြုရဟု ကျမ်းစာ ထဲ၌ရှိတယ်။ (၃) အသင်းလူကြီးတွေကို အစပထမချိန်အသင်းတော်၌ အသင်းသားများမှရွေးတင်ခြင်းမရှိပါ သို့သော် လူတွေကသင်းအုပ်၊ ဆရာ၊ ဖခင်အနေဖြင့် (၁ ယော ၂း၁၃) ရှင်ပေါလုက ယုံကြည်သူလူသစ် တစ်ခုကို သင်းအုပ်မရှိဘဲထားခဲ့တယ်။ ပြန်လာပြီးမှဘဲရင့်ကျက်သော၊ ဆုကျေးဇူးရှိသော၊ မေတ္တာရှိသော၊ သိုးထိန်းဖြစ်နေသူကိုခန့်ထားခဲ့တယ်။ ယေရုရှလင်မြို့၌ အသင်းတော်စပြီးဆယ်စုနှစ်လောက်တွင် လူကြီးများ မရှိပါ။ ကျမ်းစာ၌ လူကြီး၊ သင်းအုပ်၊ သိုးထိန်းနှင့်အစေခံ/အသင်းလူကြီးများတွေဟာ အသင်းတော်၏ဖွဲ့စည်း ထားသော ရုံးဝန်ထမ်းများမဟုတ်ပါ ယနေ့ချိန်လို မကြာခဏ လုပ်ဆောင်ပြီးသောသူများကဲ့သို့သာဖြစ်ပါသည်။

ဥပမာတစ်ခုအနေဖြင့် ကျွန်တော်လက်သမားဖြစ်ရင် သစ်သားဖြင့်အလုပ်လုပ်တယ်၊ ခုံစားပွဲတံခါးတွေကို သစ်သားကနေဘဲလုပ်တယ်။ ပန်းရန်ဆရာဖြစ်ရင် အုတ်ခဲနဲ့အလုပ်လုပ်တယ်။ အုတ်ခဲနဲ့လုပ်သော အလုပ်မျိုးကို သက်သေပြတဲ့အခါ ပန်းရန်ဆရာဖြစ်ကြောင်းသက်သေပြတယ်။ သစ်သားဖြင့်လုပ်သော အလုပ်မျိုးကို လက်သမားဖြစ်ကြောင်းပြတယ်။ ကဲကောင်းပြီး ကျမ်းစာ၌သင်းအုပ် (pastor) ဆိုတာ (တကယ်တမ်းဆိုရင် ဘာသာပြန်ဆိုမှုဟာအားနည်းတယ်) သိုးထိန်းခြင်း ဆုကျေးဇူးတစ်ခုကိုသာရည်ညွှန်းတယ်။ ဘုရား၏ လူတွေကြား၌ နေ့စဉ်တခြားဆုကျေးဇူးများနှင့်အတူ လုပ်ဆောင်ခြင်းဖြစ်တယ်။ အစည်းအဝေး၌ ပြောရေး ဆိုခွင့်ခေါင်းဆောင်မဟုတ်ပါ။ သင်းအုပ်ဖြစ်ကြောင်း၊ သိုးထိန်းဖြစ်ကြောင်းကို ဘယ်နေရာမှပြရမှာလဲ။ ဘုရား၏ လူတွေကိုချစ်ခြင်း၌ပြရမယ်။ နေ့ရောညပါသူတို့တွေကို ကူညီရမယ်။ ဒါတွေကို လုပ်ဖို့ရုံးခန်းမလိုအပ်ပါ။ သူဌေးဖြစ်ရန်၊ ခေါင်းစဉ်ရာထူးရှိရန် မလိုအပ်ပါ။ ကျွန်တော်၌ရှိသော ဆုကျေးဇူးနှင့်လူတွေကို ကူညီတယ်၊ ချစ်တယ်။ လက်သမားဖြစ်ကြောင်းကို သစ်သားဖြင့်လုပ်သောအလုပ်ကပြတယ်။ သိုးထိန်း/သင်းအုပ် ဖြစ်ကြောင်းကို ဘုရား၏လူတွေကို နေ့စဉ်ကျွေးမွေးခြင်း၊ ကျွန်ုပ်တို့ကြောင့် ယေရှုနှင့် နီးကပ်လာအောင် လုပ်ဆောင်ပေးခြင်းဖြစ်တယ်။ ဘုရား၏ လူတစ်ယောက်ဆာငတ်နေရင် ကျွန်တော့်နှလုံးသားကြေကွဲရတယ်။ ဘုရား၏လူတစ်ယောက် ဒုက္ခရောက်မယ်၊ အန္တရာယ်ကြုံရင် ကျွန်ုပ်ထဲ၌ရှိသိုးထိန်းစိတ်ဓာတ်ယူသွားပြီး သူတို့ကို ကာကွယ်ပေးမယ်၊ ဒါတွေဟာ သင်းအုပ်ဖြစ်ရန်ဘုရား၏ဘိသိက်ပေးခြင်းဖြစ်တယ်။ ကျွန်တော့်မှာနာမည် ကဒ်ပြားမလိုအပ်ပါ။ ကျမ်းစာကျောင်းမှ ဒီပလိုမာနှင့်နံရံကပ်ထားရန်လက်မှတ်လည်းမလိုအပ်ပါ။ ဘုရား၏ အလုပ်လုပ်ရန်နှင့်သူ့ကိုချစ်ရန် နှလုံးသားပဲလိုအပ်တယ်။ သို့မှသာ ဘုရားပေးတဲ့ဆုကျေးဇူးသည် နေရာ အသီးသီး၌ သဘာဝလွန်အသီးများသီးလာမှာဖြစ်တယ်။

ထို့ကြောင့်သင်ဟာ လက်သမားဆိုရင်ခုံတွေလုပ်တယ်။ သင်၌ သိုးထိန်းဆုကျေးဇူးရှိရင် လူတွေကိုချစ်ပါ၊ ကျွေးမွေးပါ၊ ကာကွယ်ပါ၊ ကူညီပါ။ ဤအရာဟာ ဘယ်ဆုကျေးဇူးမဆို မှန်ကန်တယ်။ ဘယ်ဆုကျေးဇူးမဆို သက်သေပြခြင်းဟာ အသီးဖွင့်သီးခြင်းဖြစ်တယ်။

## <u>ယေရှု၏ဦးဆောင်ခြင်း</u>
## <u>အစည်းအဝေး၌</u>

ပြောင်းလဲရန် ကျွန်ုပ်တို့၌ ရှိရမည့်သတ္တိနောက်တခုကတော့ ၁ ကော ၁၄ ထဲမှာ ကျမ်းစာ၌ ဖော်ပြထားသည့်အတိုင်းအစည်းအဝေးမျိုးရှိရန်ဖြစ်သည်။ "ညီအစ်ကိုတို့၊ အဘယ်သို့နည်း၊ သင်တို့စုဝေး ကြသောအခါ ဆာလံသီချင်းကိုရသောသူဖြစ်၍ ခပ်သိမ်းသောအမှုတို့ကို တည်ဆောက်ခြင်းအလိုငှာစီရင်ကြ လော့" ကျွန်ုပ်တို့ ထိုနည်းလမ်းအတိုင်းအသက်ရှင်သောအခါ မယုံကြည်သူများပင်လျှင်သင်တို့အထဲ၌ ဘုရား သခင်အတူပါရှိကြောင်း သိမှတ်လာလိမ့်မည်။

ယေရှုကလွဲ၍ ဘယ်သူမှလူခေါင်းဆောင်၊ သခင်၊ ဆရာ (သို့) သင်းအုပ်ဆိုတာမရှိပါ။ သင်တို့ အားလုံးဟာ ညီအစ်ကိုများဖြစ်ကြတယ်။ သင်တို့အားလုံးမှာယေရှုရှိတယ်။ ဒို့အားလုံးထဲ၌ရှိယေရှုဟာ အတူတူဘဲဖြစ်တယ်။ အမှန်ပင် ရင့်ကျက်ခြင်းကခြားနားလာလိမ့်မည်။ တချို့ဆုကျေးဇူးများဟာ အများရှေ့မှာ

မြင်သာအောင် မသုံးသောအရာများလည်းရှိသည်။ တခါတရံ ယေရှု၏ဂရုဏာတရားလိုအပ်ရန် တခါတလေ ကျွန်ုပ်တို့၌ယေရှု၏ သွန်သင်ခြင်းလိုအပ်သည်။ တခါတရံ ယေရှု၏ဂရုဏာတရားလိုအပ်ရန် တခါတလေ ကျွန်ုပ်တို့၌ ယေရှု၏သွန်သင်ခြင်းလိုအပ်သည်။ တခါတရံ ယေရှု၏သီချင်းများလိုအပ်၍ တခါတလေ ပြဿနာများ ဖြေရှင်းရန်ယေရှု၏ကူညီမှုလိုအပ်သည်။ ၁ ကော ၁၄း၂၆-၄၀ ကို ဖတ်ရင် ယေရှုကိုယ်တိုင်ကလွဲ၍ ဘယ်သူမှအဓိကအရေးပါ၊ အာဏာရှိသူမရှိပါ။

"ကောင်းသောအကျင့်ကျင့်ရန်နှင့်မေတ္တာစိတ်ရှိစေခြင်းငှာ အချင်းချင်းဘယ်လိုတိုက်တွန်းနှိုးဆော်ရမယ်ဆိုတာ စဉ်းစားရန် အတူတကွ ကျွန်ုပ်တို့စုဝေးကြတယ် (ဟေဗြဲ ၁၀း၂၄-၂၆)။" ကျွန်ုပ်တို့အတူတကွစုဝေးကြသောအခါ အချင်းချင်းဘယ်လိုကူညီရမည်၊ အချင်းချင်းဘုရား၏ မေတ္တာတော်၊ နှုတ်ကပတ်တော်ကို ကျင့်ဆောင်ရမည့်အကြောင်းများကို ဆုတောင်းခြင်း၊ အကြံဉာဏ်များဖြင့် ကျွန်ုပ်တို့ပေးရမည်။ ဘယ်ရာမဆိုလုပ်ဆောင်ရန် အထူးပုဂ္ဂိုလ်မရှိပါ။

တစ်စုံတယောက်က ယေရှုဆီမှ သွန်သင်မှုယူလာရင် နောက်ပြီးတခြားသူများကလည်း ဗျာဒိတ်၊ သီချင်း (သို့) ညွှန်ကြားချက်စကားများဖြင့်လာရင်၊ ဤညီအစ်ကို (သို့) ညီအစ်မသည်လည်း ယေရှုဖော်ပြသောတစ်စုံတစ်ခုဟောပြောပြီး၊ ဗျာဒိတ်တော်နှင့်ဒုတိယပုဂ္ဂိုလ်ဆီလာရင် အရင်ပထမလူသည် ထိုင်စေ၊ မိန်းဖလာလူရဲ့စကားကို နားထောင် ဒါထက် . . . ဘုရား၏အမိန့်တော်ကို ကျွန်ုပ်တို့တုံ့ပြန်ရန်ဖြစ်သည်။ ကျမ်းစာအမြဲတမ်းမိန့်ဆိုသည်မှာ ဗျာဒိတ်တော် ဒုတိယပုဂ္ဂိုလ်ဆီလာသောအခါ အရင်ပထမလူသည်ထိုင်စေဟူ၍ဖြစ်သည်။ ဤအရာသည် ၁ကော ၁၄ထဲ၌ ပြောဆိုသောအရာများဖြစ်သည်။ သန့်ရှင်းသူတို့၏ ပိုက်ဆံကိုသိမ်းယူခြင်းနှင့် ဝိညာဉ်ရေးဆန်လွန်းသည်ဟုရှုမြင်ခြင်း၊ အဓိက အာဏာရှိခြင်းကို ခုံမင်ခြင်းနှင့်ပထမဖြစ်ရန်နှစ်သက်ခြင်းရှိသူတို့ဟာ မခေတ်စားတော့ပါ။ ကျွန်ုပ်တို့သည် သာသနာပရှေ့ဘိုးဘွားများ၊ ဂိုဏ်းကန၊ ပရိုတက်စတင့်နှင့်ဂိုမင်ကစ်သလစ် တို့ဆီက အလွန်လေးလံသော ထုံးတမ်းစဉ်လာများကို အမွေဆက်ခံကြသည်။ ယဇ်ပရောဟိတ် (သို့) သင်းအုပ်တွေဟာ ရှေ့တန်းကဖြစ်တယ်။ ဆင်းရဲသားလူတန်းစား၊ ပရိသတ် (သို့) သင်းအုပ်တွေဟာ ရှေ့တန်းကဖြစ်တယ်။ ဆင်းရဲသားလူတန်းစား၊ ပရိသတ်တွေဟာ ထိုင်နေရုံနှင့် နားထောင်ရုံသက်သက် ဖြစ်နေသည်။ ဤဟာသည် လက်တွေ့ကျင့်သုံးခြင်းနှင့် ဩဝါဒကဲ့သို့ဖြစ်နေပြီ။ ယေရှုပြောသကဲ့သို့သူ "နီကောလေတန်" (သူ့၏လူများကို အနိုင်ယူသောသူများ) ကို မုန်းတီးသည်။ ဒါပေမယ့် ဘုရားသခင်ပြောပြီးပြီ ကျွန်ုပ်တို့အတွက်နှင့်သူ့နာမတော်အတွက် အားလုံးဟာပြောင်းလဲခြင်းရှိရမည်။

လက်တွေ့ကျရှုမြင်ကြည့်ရန် ကျွန်တော်အကြံပေးချင် ဒါကတော့ကျွန်ုပ်တို့ထဲ၌ ဆုကျေးဇူး များကိုတကယ်လေးစားရင်၊ ဘုရား၏ လူများထဲ၌ရှိသော ဆုကျေးဇူးများကိုဆွဲထုတ်ကြည့်ရင် ကျွန်ုပ်တို့ ပြောင်းလဲစရာများစွာရှိသည်။ ယေရှုဒီနေရာမှာရှိခဲ့သောအခါ သူ့ပတ်လည်၌လူများစွာ ဝိုင်းထိုင်နေကြသော သူတွေကိုငါ့ညီကို၊ ညီမဟုခေါ်ခဲ့တယ်။ သူ့ပတ်လည်၌ထိုင်နေသူများဖြစ်သည်။ အကန့်အသတ်ရှိသော ဆုကျေးဇူးနှင့်တကွရှိသောလူမျှသာမဟုတ်ဘဲ၊ သူ့ဆီမှကြားနာရန် ကျွန်ုပ်တို့စုဝေးသောအခါ ဘာသာလွန်များကို လုပ်ဆောင်ရန်မဟုတ်ဘူးလား။ ဤအရာသည်သင့်အတွက် အလွန်ရိုးစင်းနိုင်တယ် နောက်ပြီးသင့်အတွက် အရေးမကြီးဒါလည်းဖြစ်နိုင်တယ်။ ဒါပေမယ့် ဤအရာဟာ သေချာမှန်ကန်ကြောင်းအာမခံပါတယ်။ တရားဟောစင်မြင့်နှင့်အသွေးသားဆိုသော စကားလုံးအတွက်ပြင်သစ်၌ ထိုနည်းတူအသံထွက်ကြောင်း ကျွန်တော်ကြားဖူးတယ်။

ကျွန်ုပ်တို့ရှေ့တန်းမှာ လူတိုင်းမျက်နှာချင်းဆိုင်ပြီး ထိုင်ကြသောအခါအာရုံတွေက လူတယောက်ပေါ်မှာဘဲစုစည်းတယ်။ ကျွန်ုပ်တို့အကြား၌ တန်းတူရှိခြင်းနောက်ထပ်မရှိတော့ပါ။ အစည်းအဝေး (သို့) အတန်း၌ ကျွမ်းကျင်သူ (သို့) မော်တော်ပီကယ် (သို့) ဖြစ်မြောက်အောင်ဆောင်ရွက်သူ (သို့) ရှေ့ဆောင်သူ (သို့) ကျွန်တော်ရဲ့သခင်၊ ဘယ်သူမဆို ကျွန်တော်ရှေ့၌ရပ်နေသူများရှေ့၌ ကျွန်တော်ဟာအောက်ကျို့သောသူဖြစ်တယ်။ ယေရှုဘေးနားပတ်လည်၌ ဝိုင်းထိုင်မယ့်အစား ထိုင်ခုံတန်းစီပြီးသောအခါ၊ လူတယောက်အပေါ်၌သာ မီးထိုးပြနေသကဲ့သို့ဖြစ်တယ်။ လူတိုင်းဟာ ပရိသတ်ဖြစ်ပြီး၊ တယောက်သောသူသာ ဆွဲဆောင်မှုရှိတယ်။ ထိုအရာဟာ အင်မတန်မှမှားယွင်းပါတယ်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၌ဆုကျေးဇူးများစွာရှိတယ်။ သူတို့အားလုံးဟာ ယေရှု၏အစိတ်အပိုင်းအားလုံးဖြစ်ကြတယ်။ ကျွန်ုပ်တို့က လူတစ်ယောက်သာလျှင် ရှေ့တန်းတင်ရန် ကျွန်ုပ်တို့ဟာ ဆုကျေးဇူးတခုသာလျှင်ချီးမြှောက်ခြင်းဖြစ်တယ်။ တစ်ယောက်သာလျှင် အကြီးဆုံးနေရာပေးမယ် (သို့) ပရိသတ်အာရုံဖြစ်ရင် ဘယ်လောက်ထိထိုပုဂ္ဂိုလ်ဟာကြွားဝါမည်နည်း။

အလုပ်တာဝန် (သို့) မိမိကိုယ်ကို ခန့်အပ်ခြင်း
တရားဝန်ဂီတသမား (သို့) အလိုလိုပြောရေးဆိုပိုင်ခွင့်ရှိသူ



အထက်ဖော်ပြပါပုံက ဖွဲ့စည်းပုံရှိသော ဘာသာရေးနှင့်အိမ်အသင်းတော်၌ ဖြစ်လေ့ဖြစ်ထရှိသော ဘယ်အရာခပ်သိမ်းမဆိုဖြစ်လာရန် အကြီးကဲတစ်ယောက်အားဖြင့် တရားဝန်လုပ်ဆောင်တယ်။ သူဟာ တရားဝင်စတင်၊ တရားဝင်အဆုံးသတ်၊ တရားဝင်သွန်သင်မှုပြု (သို့) ဝတ်ပြုခြင်း (သို့) သင်ကြားခြင်းကို ခန့်အပ်တယ်။ သူသာဆုံးဖြတ်ချက်ချ၊ မေးခွန်းအားလုံးဖြေ၊ အသွားအလာကို ထိန်းချုပ်တယ်။ ဒါဟာ ၁ ကော ၁၄း၂၆ မှာပါတဲ့အတိုင်းဆိုရင် ကျမ်းစာနဲ့မကိုက်ညီပါ။

အသီးပွင့်ဒါထက် အလှမ်းဝေးမယ်။ ဆုကျေးဇူးများကို ငြိမ်းစေမယ်။ ပျောက်ဆုံးနေသော ယေရှု၏ ခေါင်းဆောင်မှုဟာအာလုံးဖြစ်တယ်။ သို့သော်ဤပုံစံ၌ အာမခံထားသည်။ ကျမ်းစာ၌ ထိုကဲ့သို့ နည်းစနစ်များကို ဘယ်သောအခါမှ မတွေ့ရပါ။ ထိုကဲ့သို့ စီရင်ချက်များရပ်တန့်သင့်သည်။

စကြဝဠာတစ်ခုလုံးနီးပါးတွင် ကမ္ဘာ့ဘာသာရေးအားလုံး၊ ခရစ်ယာန်အပါအဝင်ဘုန်းတော်ကြီး၊ သာမန်လူဆိုပြီး ဇာတ်စနစ်ရှိခြင်းနှင့်အပြန်အလှန်ပြထားခြင်းရှိရန် ကြိုတင်စီစဉ်ထားရဒါတွေ ကျမ်းစာ၌မရှိပါ။

ဘုရားသခင်၏ စိတ်တော်နှင့်နှလုံးထဲမှာမရှိပါ။ ယေရှုက ရှင်းလင်းပြတ်သားစွာပြောကြားတယ်။ နာမည်ခေါ်ခြင်း၊ နာမည်တပ်ဆင်ငှားရမ်းခြင်းဟာ ဘုရားသခင်၏လူများအပေါ် မိမိတို့ကိုယ်တိုင်မြှောင့်ပင့်ခြင်းဖြစ်သည်။ သခင်ယေရှုကိုယ်တိုင် အမိန့်တော်ရဆိုရင် တမန်တော် (၁၂) ပါးတောင်မှ ညီအစ်ကိုများကြားတွင် ညီဖြစ်ရန်၊ သန့်ရှင်းသူများကြားတွင် ညီဖြစ်ရန်သွန်သင်ထားသည်။ ဘုရားသခင်သည် ရှမွေလကိုအသက်တာ၌ ရာထူး၊ ရာခံဖြင့်မဟုတ်ဘဲမေတ္တာ၊ လိုအပ်ရင် ဆုကျေးဇူးများဖြင့် ဦးဆောင်ရန်အလိုတော်ရှိသည်။ တနည်းအားဖြင့်ဆိုရင် ရှောလုရဲ့ပုံစံ ခေါင်းဆောင်မှုကို ကျွန်ုပ်တို့၌ရှိရင် ဘုရားသခင်သည်ငြင်းပယ်သည်။ သူတို့ဘဝတစ်ခုလုံးအတွက် ဦးနှောက်ကို ညစ်ညမ်းစေသော ထုံးတမ်းစဉ်လာလူတွေနှင့်နှိုင်းယှဉ်ကြည့်ရင် ဒါဟာ အခြေခံကျသောခေါ်တော်မူခြင်းအားလုံးဖြစ်သည်။ ဒါပေမယ့် ယခုချိန်ထိ ကျမ်းစာနဲ့ပြန်ပြီး ကျွန်ုပ်တို့၏ လမ်းစဉ်များကိုပြန်ချိန်ထိုးကြည့်လျှင် ယဉ်ကျေးမှုနှင့်ဆိုင်သော ဘာသာရေးဟာခေတ်နဲ့အညီ အမြဲတမ်းသွားသကဲ့သို့ ကျွန်ုပ်တို့ကြက်သီးမွေးပြီး၊အရှုန်းဖောက်ခြင်းရလဒ်တွေရလာမည်။

ဒီနေရာမှာ ပြန်စဉ်းစားစရာပြဿနာ အနှစ်တစ်ခုကတော့ ကျွန်တော်တို့ရဲ့အချိန်များစွာဟာ ယေရှုအကြောင်းနဲ့လာ (သို့) ယေရှုဆီမှလာ။ နာခံမှု၊ နှိမ့်ချမှုနှင့်လွှတ်မြောက်ခြင်းဟာ သူတော်စင်တို့ရဲ့အတွက်တော့ ခြားနားမှုများကို ဖြစ်စေတယ်။ အရာခပ်သိမ်းဟာ သူ့အတွက်၊ သူ့ဆီမှ သူ့အားဖြင့်ဖြစ်တယ်။ လူလုပ်ထားသော ဝတ်ပြုကျောင်းတက်ခြင်း၊ ခရစ်ယာန်တို့၌ သန့်ရှင်းသောပုဂ္ဂိုလ်ဆိုတာ အလွန်ကြီးမားသောဆုံးရှုံးမှုကို အာမခံပေးတယ်။ လူ့ရဲ့တန်ခိုး၊ သူတို့၏ တီထွင်ညာဏ်၊ လူကထိန်းချုပ်တဲ့အခါ ယေရှုကျေနပ်တဲ့အတိုင်း သင်အားဖြင့်သင့်၌ ယေရှု၏လမ်းစဉ် သင်အသက်တာ၌မရှိပါ။

ကြောက်ရွံ့ခြင်းအခြေခံသော၊ မိမိကိုမြင့်တင်ခြင်းလမ်းစဉ်တွေဟာ ငွေကြေးရေး အမြတ်စွန်းရရန်ဖြစ်ပြီး ဘုန်းတော်ကြီးဇတ်ခုံတွင် အတ္တကိုမြှင့်တင်ပေးသည်။လူများစွာဟာသူတို့၏ အမည်နာမများကို ကိုယ်စားပြုသောအခါ အားထုတ်မှုများစွာရှိတာ အံ့ဩစရာမဟုတ်ပါ။

အဆောက်အုံထောင့်ရှိ အောက်ခြေ၌ရှိသောအထွတ်မြတ်ကျောက်တုံးဖြစ်လာပြီးတည်ဆောက်သူက ငြင်းပယ်ထားသော ကျောက်တုံးဖြစ်တယ်။ တည်ဆောက်သူတို့ဟာ ဆုံးရှုံးရန်တစ်စုံတစ်ခုဖြင့် ရှိသောသူတစ်ယောက်ဖြစ်သည်။ သို့မဟုတ်အနည်းဆုံး ဆုံးရှုံးရန်သူတို့၏တစ်စုံတခုရှိသည်ဟုထင်ကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့၌ယေရှုကို (သို့) သူ၏လူများကို အပြည့်ဝအားကိုးခြင်းမရှိသူများဖြစ်သည်။

မည်သို့ပင်ဖြစ်လင့်ကစား မဿဲ ၂၃ထဲ၌ယေရှုလုံးဝထားမြစ်ထားသောအရာ၊ လူလုပ်ထားသော ပစ်ရမြစ်မျှော်စဉ်တည်ဆောက်ပုံနှင့် ဘာသာရေးတိုင်း၌ ရာထူးရာခံတပ်ဆင်ခြင်းဟာ ယနေ့ခေတ်စားနေသည်။ ဤအရာဟာ ရှက်စရာနှင့်ကြီးမားသောဆုံးရှုံးမှုဖြစ်စေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ဆုကျေးဇူးတွေဟာဖြုန်းတီးပြီးအသံတော်လည်းမကြားရတော့ပါ။ ထို့နောက် ဤအရာသည်မှန်ကန်ပါသည် တရားဟောချက်ကတောင်မှကောင်းတယ် (သို့) ကျမ်းစာနဲ့ကိုက်ညီတယ် (သို့) ဂီတလည်း ဘိသိက်ခြင်းရှိတယ်။ ဘိသိက်ခြင်းရှိသောဂီတနှင့်တရားဟောချက်တွေဟာ ကောင်းသော်လည်း ခေတ်သစ်ခရစ်ယာန်နဲ့ပတ်သက်ပြီး အသီးပွင့်မကောင်းသော စာရင်းဇယားကိုကျွန်ုပ်တို့ ခွင့်လွှတ်ပေးမည်။ ဘုရားကျောင်းတတ်ခြင်းကို အခြေခံသော၊ ဘုန်းတော်ကြီးထိန်းချုပ်သော ဘာသာရေးတွေဟာ သူ့အတွက်ဖြစ်ရင်တောင်မှသူ့ဆီမှမဟုတ်ပါ။ သူ့ရဲ့နေ့စဉ်အသက်တာအားဖြင့်သူတို့တွေဟာအနိုင်ယူကျော်လွှားသလား (သို့) မရဏာနိုင်ငံ၏တံခါးကို

အနိုင်ယူသလားဆိုတာနဲ့ စပ်လျဉ်း၍ ခြားနားမှုအားလုံးကိုဖြစ်စေပါသည်။ (သကော ၁၂၊ တမန် ၂း၄၂-၄၇၊ ဟေဗြဲ ၃း၁၂-၄)။ ယေရှုဟာအသင်းတော်၏ ဦးခေါင်းဖြစ်ပြီး သူ၏နာမ၌စုဝေးသောသူတို့၏ အကြောင်းအရာမဖြစ်ချင်ပါ။

ထို့ကြောင့် သူကျေးဇူးအားလုံးဟာတူညီသောနေရာရှိရင် ဘာတွေဖြစ်မလဲ။ ထိုင်ခုံဝိုင်းပတ်လည်မှာ တချို့လူဟာ သိုးထိန်းဆုကျေးဇူးရှိမယ်။ တချို့လူဟာ ဆရာဆုကျေးဇူးရှိမယ် ဂရုဏာတရားဆုကျေးဇူးရှိမယ်။ ကူညီတဲ့ဆုကျေးဇူးရှိမယ် တချို့ဟာပရောဖက်ဆုကျေးဇူးရှိမယ်။ ဆုကျေးဇူးအားလုံးဟာ တူညီတဲ့နေရာတွေရှိတယ်။

ကျွန်ုပ်တို့ဆွေးနွေးပြီးတဲ့အတိုင်းဘဲ ရှင်ပေါလုက ၁ကော ၁၄ထဲမှာ ရှင်းလင်းစွာ ဖော်ပြတဲ့အတိုင်း အသင်းတော်တစ်ခုလုံးဟာ အတူတကွစုဝေးတဲ့အချိန်ရှိတယ်။ သူဖော်ပြတဲ့အတိုင်း ယေရှုအထဲ၌ အသက်ရှင်သောသန့်ရှင်းသူအားလုံးတို့၏ပါဝင်လှုပ်ရှားဖြစ်တယ်။ ၁ကော ၁၂ ထဲမှာ ဖော်ပြ တဲ့အတိုင်း ခရစ်ယာန်တွေဟာ တစ်နေရာထဲ၌ အသင်းတော်ဟာအတူတကွစုဝေးသောအခါ ယေရှု၏သခင်ဖြစ်ခြင်းအောက်မှာဝန်ခံပြီး ယဇ်ပရောဟိတ်ကဲ့သို့ နေ့စဉ်အသက်ရှင်သောသူများဖြစ်သည်။ အသင်းတော်၌ အတူတကွစုဝေးတဲ့အချိန် စစ်မှန်သော ယဇ်ပရောဟိတ်ကဲ့သို့ ယေရှု၏လက်ရှိဦးဆောင်ခြင်းနှင့်ယေရှုကိုတုံ့ပြန်ရန် အားလုံး၌ အခွင့်ရေးကိုယ်စီရှိကြတယ်။ အုပ်စိုးလွှမ်းမိုးခြင်း၊ ဘာသာရေးခေါင်းဆောင် ယောက်ျား၊ မိန်းမအဖြစ်ကြိုတင်ခန့်အပ်ခြင်း၊ စကားပြောရေးဆိုပိုင်ခွင့် (သို့) သီချင်းဦးဆောင်ခွင့်ဆိုတာမရှိပါ။ ဒီပုံစံဟာ ဒုတိယလူဆီသို့ ဗျာဒိတ်တော်ရှိလာသောအခါ အရင်ပထမလူသည် ထိုင်စေ။ ယဇ်ပရောဟိတ်နိုင်ငံတော်၌ အတူစုဝေးသောအခါ ဓမ္မသစ်ကျမ်း၌ရှိသော ယေရှု၏ဦးဆောင်ခေါင်းဆောင်ကိုထိန်းသိမ်းခြင်းဖြစ်သည်။ ဆုကျေးဇူးအားလုံးကို ခရစ်တော်၏ကိုယ်ခန္ဓာထဲ၌၊ အသင်းတော်၌သွန်းလောင်းပြီးပြီ၊ ဆုကျေးဇူးများသည် ပေးထားသောအချိန် ဘယ်ချိန်မဆို၌လုပ်ဆောင်နိုင်သည်။ ဘုရားသခင်မိန့်တော်မူသည်မှာ ဒုတိယလူဆီသို့ ဗျာဒိတ်တော်ရောက်လာရင်အရင်ပထမလူသည်ထိုင်စေဟူ၍ဖြစ်သည်။ ဘယ်သူကထိန်းချုပ်ရန်အတွက် (သို့) ဘာတွေဖြစ်လာမလဲ (သို့) ဖျော်ဖြေရေးအစီအစဉ်များ (သို့) ထိန်းချုပ်ရန် ရည်ရွယ်ချက် ထုတ်နေရာမရှိပါ။

ယေရှု အသက်ရှင်လှုပ်ရှားပါဝင်သောနေရာ၌ လွတ်မြောက်ခြင်းရှိသည်။ ယုံကြည်သူများကြား၌ နေ့စဉ်ကဲ့သို့ ယေရှုနှင့်အသက်ရှင်ခြင်း၊ လုပ်ဆောင်ခြင်းရှိသော လူတိုင်းဟာခန္ဓာကိုယ်ကြီး တည်ဆောက်ဖို့ရန် သူတို့၏ ဆုကျေးဇူးများကို ဆက်ကပ်အပ်နှံဖို့ရန်တာဝန်ရှိသည်။ ယေရှုဟာ သူ၏ဖြစ်ခြင်းကို ကိုယ်ခန္ဓာ၌ သွန်းလောင်းပြီးလိုအပ်သော အချိန်အခါ၌ ဘယ်ဆုကျေးဇူးမဆို ရရှိနိုင်သည်။ လူငယ်တစ်ယောက် အလုပ်ထဲ၌ အခက်ခဲရှိကြောင်းပြောရင် (သို့) ညီမတစ်ယောက်က သူ့ကလေးနှင့် အခက်အခဲရှိရင်၊ ဆရာဆုကျေးဇူးရှိသူ၊ နှစ်သိမ့်သူ (သို့) သိုးထိန်း (သို့) ဗျာဒိတ်တော်က ဒုတိယလူဆီသို့လာသကဲ့သို့ ကူညီခြင်းတွေဟာ များစွာရှိလာနိုင်သည်။

ဒါဟာ ကျမ်းစာ၌ရှိသော အသင်းတော်တစ်ခုလုံးအတူတကွစုဝေးသောအခါ အချိန်ခါတစ်ခုတ် ရုပ်ပုံဖြစ်သည်။ ဤရုပ်ပုံ၌ သာမန်လူမျှသာ ထိန်းချုပ်ခြင်း၊ လူလုပ်သောအဖွဲ့အစည်းအားဖြင့် မဟုတ်ဘဲ၊ သူ၏အသင်းတော်၌ အသက်ရှင်သောခေါင်းဖြစ်ရန် ယေရှုကိုခွင့်ပေးထားသည်။

အသက်ရှင်သောခရစ်တော်ကို ပိုင်ဆိုင်သောသူတစ်ယောက်စီတိုင်း၌ လက်ရှိဖြစ်ပျက်နေသော အရာများကိုတုံ့ပြန်ရန် ယေရှုအားဖြင့်အသုံးခံသော၊ လှုပ်ရှားဖို့ရန် လွတ်လပ်သောသူများ ဖြစ်ရမည်။ ထိုအရာသာ ခရစ်တော်ကိုယ်ခန္ဓာဖြစ်သည်။ စည်းဝေးခြင်းဆိုတာ ယေရှု၌ အတူတကွရှိသော အသက်တာ၊ တစ်အိမ်ပြီး တစ်အိမ်နေ့စဉ်တိုင်း၌ ပြည့်လျှံစွာဖြစ်ပျက်နေသော အရာများဖြစ်ရမည်။ အစည်းဝေး၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ၊ အချိန်တိုင်း၌၊ သူ၏ဆုကျေးဇူးများနှင့်သူ၏ လူများအားဖြင့် ယေရှုဦးဆောင်အုပ်စိုးရန်နေရာရှိရမည်။ လူတွေက ဤအရာကို အချိန်ကိုဖြုန်းပစ်ခြင်းအားဖြင့်အတုပြုလုပ်ရန်ကြိုးစားလိမ့်မည်။ ဘာပဲဖြစ်နေပါစေ၊ သို့သော် သူတို့ကိုယ်တိုင် သူတို့ဆက်ထိန်းချုပ်နေကြသည်။ ယေရှုသည် သူ၏လူများနှင့်ဆုကျေးဇူးများအားလုံးအားဖြင့် အသက်ရှင်သောအခါ ဘယ်လှည့်ဖျားခြင်းကိုမဆိုလက်မခံသင့်ပါ။

ဤနေရာတွင် ခန္ဓာကိုယ်အတွက် လက်တွေ့ကျကျသမ္မာတရားနှင့်အညီကြည့်မည်ဆိုရင် ယေရှုသည် ဦးခေါင်းဖြစ်၍ သူ၏နှလုံးသားသည် ယဇ်ပရောဟိတ်များ၏နိုင်ငံတော်ဖြစ်သည်ဟု ခေါင်းစဉ်တပ်လိုပါသည်။ ဤဆွေးနွေးမှုသည် ကလေးဆန်ပြီးသမ္မာကျမ်းစာနှင့်မကိုက်ညီသော ပျော်ရွှင်ပွဲအချိန်လာသည့်လူတိုင်းပါဝင်၍ အကြံဉာဏ်ဖလှယ်ခြင်း (သို့) လူတစ်ယောက်မှအနည်းဆုံး အကြောင်းအရာတစ်ခုကိုပြောဆိုခြင်း၊ ယခင်အပတ်တွင် (၅)မိနစ်ခန့်စကားပြောခဲ့သဖြင့်သူသည် စကားပြောခွင့်ယခုပတ်တွင်မရှိတော့ပါဆိုသည့် အကြောင်းအရာများဟုတ်ပါ။ အမှန်အားဖြင့် သူ၏အသင်းတော်သည် ဒီမိုကရေစီမဟုတ်ပါ။ အသင်းတော်သည် သီအိုကရေစီတည်းဟူသောကျွန်ုပ်တို့၏ အံ့သြဖွယ်ရာ အပြန်လှန်ဆက်သွယ်မှု၊ အစဉ်ပြောင်းလဲမှု၊ ကြိုတင်စီစဉ်ခြင်းမရှိသော နည်းလမ်းများအပေါ်၊ ဘိသိက်ပေးခြင်း၊ ဆုကျေးဇူးများ လက်ရှိအတွေးအခေါ်ဖြင့်အုပ်စိုးသည့်နေရာဖြစ်သည်။ ထို့အချိန်တွင် တစ်ဦးတစ်ယောက်ကဘုရားသခင်အား အချိန်ကြာမြင့်စွာပထုတ်ထားသော အချိန်လည်းရှိနိုင်သည်။ သူသည် ယခုကာလအတွက်ရွေးကောက်ခြင်းမခံရသောသူ (သို့) နောက်ကာလအတွက်လည်း ရွေးကောက်ခြင်းမခံရသောသူဖြစ်နိုင်သည်။ သို့သော် လိုအပ်သောအချိန်တွင်ရုတ်တရက်ပြောထွက်သော စကားသည် အဓိကပြဿနာမဟုတ်ပါ။ (တစုံတရာကို ကြိုတင်တွေးတောခြင်းမရှိသော်လည်း အချိန်တန်မှ ရုတ်တရက်ပြောဆိုဖို့စကားကို ခမည်းတော်ပေးမည်ဟု ယေရှုပြောဆိုခဲ့သည့်အတိုင်းဖြစ်သည် (မာသဲ ၁၀း၂၀) ကြိုတင်တွေးတောခြင်းဆိုသည်မှာ ဘုရားသခင်ကိုအားမကိုးခြင်းဖြစ်သည်။ ဟေဗြဲ ၁၀း၂၄၊ ၂၅ မှ သွန်သင်ချက်ကိုလည်း ကြည့်နိုင်ပါသည်။ သန့်ရှင်းသူများ မည်ကဲ့သို့ အတူတကွစုပေါင်းနေထိုင်ခဲ့ကြောင်း ဆင်ခြင်ကြပါစို့။ ၁ကော (၁၄)တွင် လူတိုင်း စိတ်နှလုံးနှင့်အသက်တာမှ စီးထွက်လာသော သီချင်း(သို့) နှိုးဆော်ချက် စကားလုံးတမျိုးစီရှိကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။ သန့်ရှင်းသူများစုပေါင်းနေထိုင်သည့်အခါ (သို့) တစုံတရာဖြစ်ပေါ်လာသည့်အခါ လူတိုင်းသည် လိုက်လျောညီထွေမှုရှိသဖြင့် မည်သည့်အချိန်တွင် မည်သို့သောစကားကို ပြောဆိုရမည့်အကြောင်းသိရှိကြသည်။ တစုံတရာပြောဖို့ရန် မဖြစ်မနေတာဝန်ပေးခြင်းမရှိသော်လည်း ယေရှုသည် ဦးခေါင်းဖြစ်သောကြောင့် မည်သည့်အချိန်တွင် မည်သူကမည်သို့ပြောရမည်ဆိုသည့်အချက်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမည်ဆိုလျှင်သာ၍ သက်တောင့်သက်သာရှိလိမ့်မည်။ သန့်ရှင်းသူများစုဝေးကြသောအခါ စည်းကမ်းတင်းကြပ်မှုမထားဘဲသက်တောင့်သက်သာအနေအထားဖြင့် စုဝေးကြသည်။ မည်သည့်အချိန် (အင်္ဂါနေ့ (သို့) သောကြာနေ့ (သို့) (၅)ရက် (သို့) မိနစ် (၂၀) ကြိုတင်ပြင်ဆင်ပြီးဆုံးဖြတ်ထားသည့်အချိန် မည်သည့်နေရာ (ဧည့်ခန်း (သို့)အခြား အဆင်ပြေသည့်

အခန်း (သို့) တင်းနစ်ကွင်း (သို့) ဘတ်စကက်ဘောကွင်း) တွင်ဖြစ်စေ အကယ်၍သန့်ရှင်းသူများအနေဖြင့် အသက်တာကို ကြိုတင်ပြင်ဆင်ထားမည်ဆိုလျှင် အတူတကွတွေ့ဆုံပြီး ယေရှုခရစ်ပြောစေလိုသောစကားကို ပြောခြင်း (သို့) သူပြုလုပ်စေလိုသော အလုပ်ကိုလုပ်ဆောင်နိုင်ခြင်းရှိလိမ့်မည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်ထားသော သင်ခန်းစာကို သင်ကြားပေးခြင်း (သို့) တစုံတရာကို မဖြစ်မနေပြောရမည့်အစား ဘုရားသခင်ကျွန်ုပ်တို့အထဲတွင် ပြုလုပ်သောလို့ အလုပ်သည်စိတ်နှလုံးထဲတွင်ပြည့်လျှံလာမည်ဆိုလျှင် ပြောထုတ်ရမည်။ ထိုသို့စိတ်ထဲမှ ယိုဖိတ်လာသောအခါ ကျမ်းပိုဒ်အချို့စိတ်ထဲတွင် ပေါ်လာမည်ဆိုလျှင် ပိုမိုထိရောက်နိုင်ဖို့ ရေးမှတ်ထားရမည်။ (ရှင်ပေါလုပြုသကဲ့သို့) အကယ်၍ ကျွန်ုပ်တို့သည် ဒေသနာသတင်းစကားဝေဌဖို့ ထိုက်တန်သောသူအဖြစ်သူတစ်ပါးမှသတ်မှတ်၍ ယဇ်ပရောဟိတ်၏ တာဝန်၊ အခွင့်ရေးတို့ကိုလုယူသကဲ့သို့ ဖြစ်သော်လည်း သတင်းစကားကိုဝေဌဖို့ဖြစ်လာလျှင် အသက်တာစေ့ဆော်မှုမှစ၍ အသက်ရှင်မှုကို အခြေခံကျကျပြင်ဆင်မှု၊ ကျွန်ုပ်တို့၏ လက်တွေ့ဘဝတွင် ကိုယ်တော်အမှန်တကယ်ပြုသောအမှုများကို ဧည့်ခန်း (သို့) ဥယာဉ်ခြံသန့်ရှင်းသူများနှင့်စျေးဝယ်သည့်အခါအားလုံးအတွက် ပြောဆိုဝေဌပေးရမည်။ အာရုံခံကြည့်ပါ။ အကယ်၍ သင်တို့စုဝေးသည့်အခါ တစ်စုံတစ်ယောက်အနေဖြင့်တိကျသော အကြောင်းအရာတစ်ခုကိုပြောဖို့ စီစဉ်ထားမည်ဆိုလျှင် ရွေးချယ်ထားသည့်ခေါင်းစဉ်၊ ကြာချိန်ဟောရမည့်ပုံစံနှင့်ပတ်သက်၍ လိုက်လျောညီထွေမှုရှိရမည်ဖြစ်ပြီး ထိုအချိန်တွင်သင့်ကိုယေရှုက အံ့သြစေမည့်အရာဖြစ်လာနိုင်သဖြင့် ကန့်သတ်ချက်မထားပါနှင့်။

၁ကော (၁၄)တွင်ပါရှိသော သူ၏လမ်းစဉ်၌ လွတ်လပ်ခွင့်နှင့် နာခံမှုရှိသည်။ သို့သော်လည်း ပေါလုသည် ဤနေရာတွင် လူတို့သည်ခေါင်းဆောင်မှုကို ဂရုမစိုက်ဘဲရှိနေကြခြင်း၊ ကိုယ်ကျိုး (သို့) ရည်မှန်းချက်အောင်မြင်ဖို့ ဆင်ခြင်တုံတရားကင်းမဲ့စွာလွတ်လပ်ခွင့်ကို အသုံးပြုသည့်အရာကိုထောက်ပြသည့် အချက်များကိုလည်း ထောက်ပြလျက်ဟောပြောခဲ့ကြောင်း သတိထားရမည်။ ထပ်မံ၍ သတိပေးလိုသည်မှာ ၁ကော (၁၄)သည် အခန်းကြီး (၁၀-၁၃)တွင် ပါဝင်ခဲ့သော အကြောင်းအရာများကိုချုံ့ထားခြင်းဖြစ်ကြောင်း၊ ဘုရားသခင်၏ စိတ်နှလုံးသည် သူ၏လူများတည်းဟူသော ခန္ဓာတော်ထဲတွင် မုန့်တစ်လုံးတည်းကို ဖဲ့၍ စားသောသူများ၊ လက်ချောင်းများစွာတို့သည် လက်အနေဖြင့်အလုပ်လုပ်သကဲ့သို့နေ့စဉ် အသက်တာတွင် အချင်းချင်း ကူညီယိုင်းပင်းကြသောသူတို့အထဲတွင် ရှိကြောင်းဖော်ပြထားသည်။ ၁ကော (၁၄)တွင် ဖော်ပြထားချက်အရ အသင်းတော်၏အသက်ရှင်သည့်ပုံစံကိုလည်း ကျွန်ုပ်တို့လိုက်နာရမည်။ ပရောဖက်ပြုသောလူနောက်တယောက်ထလာရင် သူ့ရှေ့ကပရောဖက်ပြုသောသူသည်ထိုင်ရမည်။ အဘယ်ကြောင့်ဆိုသော် ဤနေရာသည် လူတစ်ဦးတစ်ယောက် (သို့) လူတယောက်၏သန့်ရှင်းမှုကိုပြဖို့ ပွဲထုတ်နေခြင်းပြုလုပ်သည့် နေရာမဟုတ်ပါ။ ကိုယ်တော်သည် မနေ့ယနေ့နောင်ကာလအစဉ်မပြောင်းမလဲတည်ရှိတော်မူ၏။ သူ၏ လူတို့ရမည့်အမွေများကို ကြောက်ရွံ့ခြင်း၊ လောဘ၊ အာဏာ၊ လူနည်းစု၏ ရည်မှန်းချက်များမှလုယူခွင့်မရှိစေရ။ ယေရှုသည် အသက်ရှင်တော်မူသဖြင့် တနင်္ဂနွေနေ့တွင်ဝတ်ပြုသည့် အခမ်းအနားပြုလုပ်ရမည့်အစား ကျွန်ုပ်တို့သည် သူ၏ခန္ဓာတော်အမှန်ဖြစ်မည်ဆိုရင် သူ၏အလိုတော်အတိုင်း ကျွန်ုပ်တို့အားဝိညာဉ် သူကျွေးဇူးပေးလျှက် ကျွန်ုပ်တို့အားဖြင့် သူသည်စကားပြောလိမ့်မည်။

မှန်ပေ၏ ဝေယျာဝစ္စအမှုကို ကူညီဆောင်ရွက်ပေးရမည့်သူရှိရမည်။ မှန်ပေ၏။ တမန်တော်ဝတ္တုထဲတွင် ရှင်ပေါလုပြုလုပ်သကဲ့သို့ မယုံကြည်သောလုထုပရိတ်သတ်များကို ဟောပြောသည့်အချိန်လည်းရှိရမည်။ သို့သော်လည်း ယခုကာလတွင် တစ်ဦးတယောက်မှဟောပြော၍ ပရိသတ်မှနားထောင်ခြင်းမဟုတ်ဘဲ တရောမြို့တွင် ပြုလုပ်သကဲ့သို့ အပြန်လှန်ဆွေးနွေးခြင်းကိုပြုလုပ်ကြလျှက်ရှိသည်။ ဤသို့သော ဟောပြောခြင်းပုံစံကို ဇဖက်မြို့၊ အေသင်မြို့တို့တွင် တွေ့ရှိနိုင်သည်ဖြစ်၍အသင်းတော်၏ စုဝေးခြင်း၌ကျင့်သုံးဖို့မဟုတ်တော့ပါ။

(၁ကော ၁၄အရ ဘုရားသခင်၏မိသားစုများ စုဝေးကြသောအခါမယုံကြည်သူများ တက်ရောက်ကြစေကာမူ ထိုသို့မဟော၍)။ လမ်းဘေးတွင် မယုံကြည်သူများကိုစုဝေးစေပြီး ဟောပြောခြင်းထက်တဦးနှင့်တဦး ခရစ်တော်၏ ခန္ဓာတော်တွင် တွေ့ဆုံကြခြင်းသည်သာ၍ ပျော်ရွှင်မှုကို ရရှိလိမ့်မည်။ အရှိပြည်တစ်ခုလုံးသို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုပျံ့နှံ့စေဖို့ရန် ပေါလုသည် မယုံကြည်သူတို့၏ ကျောင်းတစ်ကျောင်းကို အသုံးပြု၍ ယေရှုအကြောင်းသွန်သင်ခဲ့သည့် အထောက်အထားရှိသည်။ (တ ၁၉း၈-၁၀) ဤအဖြစ်ပျက်သည် တစ်နေရာတွင် ကယ်တင်ခြင်းခံရပြီးသူများ၊ ဝိညာဉ်တော်ကျိန်းဝပ်ခြင်းခံရသူများ အသင်းသူ/သားများ စုဝေးလျှက် ရှင်ပေါလုနှင့်တစ်ညလုံး အပြန်လှန်ဆွေးနွေးသည့်အဖြစ်ပျက်နှင့်မတူပါ (၁ကေ ၁၂-၁၄ (သို့) တ ၂၀)။

ငရဲတံခါးကို ပိတ်နိုင်သည့်အသင်းတော်ကို တည်ထောင်ဖို့ ယေရှုအလိုတော်ရှိသည်။ ဤသို့ တည်ထောင်ဖို့ရန် - ပါဝင်သူတိုင်း တပည့်တော်ဖြစ်ကြောင်းသိရမယ်။ ကျွန်ုပ်တို့သည်နေ့တိုင်း အတူတကွ စုဝေးလျှက် အပြန်အလှန်ကူညီယိုင်းပင်းခြင်းအားဖြင့် ယုံကြည်ခြင်းအားဖြင့် တစိတ်တဝိညာဉ်တည်းဖြစ်ရမည်။ ယေရှု အမိန့်အာဏာပေးခဲ့သောအသက်ရှင်မှု အရည်အသွေးသည် နေ့စဉ်မိခင်၊ ညီအစ်ကိုမောင်နှမများ ရင်းနှီးစွာ ဆက်ဆံကြည့်နေရာတွင်ရှိ၍ ထိုသို့စုပေါင်းနေထိုင်ရာမှ စီးထွက်လာသောအရာများ (တ၂း၄၂-၄၇၊ ၁ကော ၁၂-၁၃)ကို အဆင်သင့်သော ကာလ၌ ခရစ်တော်၏ဝိညာဉ်သည် အသုံးပြုလိမ့်မည်။ ဤအကြောင်းအရာသည် အလွန်ရိုးစင်းသော အကြောင်းအရာဖြစ်သည်။ ယေရှုသည် ခန္ဓာအားဖြင့် ကျွန်ုပ်တို့အလယ်ဗဟို၌ ရှိသကဲ့သို့ စကားပြောလိမ့်မည်။ လူညာဏ်ဖြင့်ရေးဆွဲထားသော အစီအစဉ်၊ ရာထူးသိက္ခာ၊ အဆင့်ဆင့်၊ ဝတ်ပြုခြင်းဥပဒေ၊ ထုံးစံ၊ လူကိုပွဲထုတ်ခြင်း၊ လောကဆိုင်ရာလွတ်လပ်သော အသက်တာများဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ကို စာဖတ်မှုမရှိသောကာလ၌ ဝိညာဉ်ဆုကျေးဇူးများကိုပေးခြင်းအားဖြင့် သူ၏ခန္ဓာကိုယ် အသက်ရှင်နေသကဲ့သို့ ဖော်ပြသည်ကို ကျွန်ုပ်တို့ခံစားရလိမ့်မည်။ သူ၏လက်ရှိအတွေးအခေါ်၊ ဘိသိက်သွန်းလောင်းခြင်းသည် အခိုက်တန့်အားဖြင့်ဖြစ်စေ၊ တစ်ညတာအတွက်ဖြစ်စေ ပေးသောအခါကျွန်ုပ်တို့ကရုဏာစိတ်ကိုပွားများစေပေးသောအခါ ကျွန်ုပ်တို့ကရုဏာစိတ်ကိုပွားများစေလိမ့်မည်။ "ဒုတိယလူပရောဖက်ပြုသောအခါ အရင်ပထမလူသည်ထိုင်ရမည်"။

## အသက်တာတွင် ယေရှု၏ဦးဆောင်မှု

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အခန်း (၁၄)အတွက် ကြိုတင်သတ်မှတ်ထားသောအရည်အချင်းနှင့်အညီ ၁ကော ၁၂-၁၃မှ ရေးသားဖော်ပြချက်အရ နေ့စဉ်အသက်တာတွင်အရည်အချင်းမပြည့်မီခဲ့သော် ယခုဖော်ပြသည့်အကြောင်းအရာများသည် အနှစ်သာရမရှိကြောင်း ထပ်မံ၍ပြောပါရစေ။ ထိုသို့သောနေ့စဉ်အသက်တာမရှိခဲ့သော် ဤအရာအတွက် အန္တရာယ်ရှိနိုင်သည်။ အလွန်အရေးပါသောအရာကို ချန်လှန်ထား၍ အစည်းအဝေးပြုလုပ်သည်ဟု အလွယ်တကူမပြောနိုင်ပါ။ ဤအရာသည် သူ၏လူများအကြားယေရှု၏ အင်အားကြီးမားသော အသက်တာအကြောင်းဖြစ်သည်။ ဘာသာတရားကိုလိုက်စားသောသူတို့သည် လောကနှင့်အဆက်ဖြတ်ကာ မိမိအသက်တာကိုဗဟိုပြု၍ အသက်ရှင်ရသည့် အကြောင်းရင်းမှာ - ထူးဆန်းသောအရာကြမ်းကြုတ်သောမျက်လုံး၊ သူတို့၏ရည်မှန်းချက် အကောင်အထည်ဖော်နိုင်ဖို့ အများသူပါသွားသောလမ်းကို အသုံးပြုသကဲ့သို့လွတ်လပ်ခွင့်ကို အလွဲသုံးစားပြုသောသူတို့ထံမှမဖြစ်မနေ အကာအကွယ်ယူလျက် သန့်ရှင်းသူဖြစ်ကြောင်း ပြသဖို့ကြိုတင်ပြင်ဆင်လိုသောကြောင့်ဖြစ်သည်။ အရည်အချင်းပြည့်မှီသော နေ့စဉ်အသက်တာ (၁ကော - ၁၂ - ၁၃) ကြိုတင်လိုအပ်ချက်ဖြစ်၍ ၁ကော (၁၄)သည် လွတ်လပ်မှုအတွက် အကြံပြုချက်ဖြစ်သည်။

သန့်ရှင်းသောသူများသည် ပရိသတ်အနေဖြင့်မဟုတ်ဘဲ ယဇ်ပုရောဟိတ်များအဖြစ် စုဝေးကြသည်ရုပ်ပုံလွှာကို ရည်ညွှန်းဖော်ပြလိုသည့်နေ့စဉ်အသက်တာ (ဧ - ၃း၁၀၊ တ - ၂း၄၂-၄၇၊ ၁ကော-၁၂၊ ဟေဗြဲ ၃း၁၂-၁၄)၊ ရာဂဏန်းလူဦးရေရှိသော မိခင်၊ ညီအစ်ကိုမောင်နှမများ ရုပ်ပုံလွှာနှင့်ပူးတွဲကာ ကျွန်ုပ်တို့အနေဖြင့်ဖော်ပြရလိမ့်မည်။ ဤအရာသည် ကြိုတင်ပြင်ဆင်ထားသော စီမံကိန်းဖြစ်ကြောင်း ယေရှုမိန့်တော်မူ၏။ ၎င်းသည် သူ၏လူတို့အားသီးသန့်ခေါ်ထုတ်လျက် အသက်ရှင်စေမည့်အသက်တာ၏ အရည်အချင်းတည်းဟူသော စုပေါင်းနေထိုင်ခြင်းဖြစ်သဖြင့် စည်းကမ်းအတိုင်း ဝတ်ပြုစည်းဝေးခြင်းမဟုတ်ပါ။ သူသည် အမွေအဖြစ်ပေးလိုခြင်းဖြစ်ပြီး ဝတ်ပြုစည်းဝေး (သို့) အသိဉာဏ်ဖလှယ်ခြင်း (သို့) စိတ်လှုပ်ရှားဖွယ်ရာ သီချင်းဆိုခြင်းမဖြစ်စေလိုပါ။ သူ၏စိတ်နှလုံးသည် ပူးပေါင်းဆောင်ရွက်သော သူ၏စိတ်ဖြစ်၍ (လု - ၉း၂၃-၂၇၊ ၅၇-၆၂) စစ်မှန်သောခရစ်ယာန်ဖြစ်ခြင်းဆိုသည်မှာ အငယ်ဆုံးမှအကြီးဆုံးတိုင်အောင် သန့်ရှင်းသောဝိညာဉ်တော်ကို အတူတကွဝတ်ဆင်ကြဖို့ဖြစ်သည်။

၎င်းသည် ကြိုတင်ပြင်ဆင်မှုမရှိဘဲ ဝတ်ပြုစည်းဝေးခြင်းကို ဖြစ်ကထက်ဆန်းပြုလုပ်လျက် “ဒါကတော့ဝိညာဉ်တော်လမ်းပြတဲ့အတိုင်းပါဘဲ” ဟု တံဆိတ်ခတ်ခြင်းကိုမဆိုလိုပါ။ ကျွန်ုပ်တို့ လုပ်ဆောင်ရမည့်အရာကို ကြိုတင်မသိသောအခါတိုင်းတွင် ဝိညာဉ်တော်ဦးဆောင်နေလျက်ရှိသည်ဟု မပြောနိုင်ပါ။ အလွန်ခက်ခဲသောအမှုဖြစ်သည်။ ထိုသို့မဖြစ်နိုင်ပါ။ ဂျေးနီနှင့်ဂျဲမ်ရစ်တို့သည် ချွတ်စွပ်တူသကဲ့သို့ လောကအမြင်မှကြည့်မည်ဆိုလျှင် အတုနှင့်အစစ်သည် ခွဲ၍မရလောက်အောင်တူညီမှုရှိသည်။

သမားရိုးကျပြုပြင်ထားသော အသင်းတော်နှင့်သေခြင်းမှ ရှင်ပြန်ထမြောက်သော ယေရှုအသက်ရှင်သော လူစုလူဝေးတို့သည် ဆန့်ကျင်ဖက်ဖြစ်သည့်တိုင်အောင်ကွာခြားမှုရှိသည်။ ယနေ့ ကျွန်ုပ်တို့အလယ်တွင် သူပါရှိသည့် အခွင့်အရေးနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် အခန်းအနားအဆောင်အယောင်များဖြင့် ပြုလုပ်

ထားသော ဝတ်ပြုစည်းဝေးခြင်းသည် အမှန်ပင်အရေးမပါသောအရာများဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ဖွဲ့စည်းပုံအသစ်အဆန်းများပြုလုပ်ဖို့ ခေါ်ဖိတ်ထားခြင်းမဟုတ်ပါ။ သူသည် ဘိသိက်ပေးထားသော သူနှင့် အသက်ပင်မှ အသီးကိုနေ့စဉ်စားသုံးခြင်းတည်းဟူသော မိတ်သဟာယဖွဲ့ခြင်းပြုလုပ်ဖို့ ကျွန်ုပ်တို့အား ခေါ်ဖိတ်လျက်ရှိသည်။ မှန်ပေ၏။ ထိုအရာမှအစည်းအဝေးကို ပြောင်းလဲစေပြီး ထိုအရာသည်ပန်းတိုင်မဟုတ်ဘဲ အသီးဖြစ်လိမ့်မည်။ နည်းပညာ၊ ဝတ်ပြုခြင်းတန်ခိုးခံယူချက်တို့အား ပြင်ဆင်မွမ်းမံခြင်းသာ၍ ရင်းနှီးစွာ အပြန်အလှန်ဆက်ဆံခြင်း၊ သမ္မာကျမ်းစာနှင့်မညီဘဲ ငွေကြေးအတူတကွသုံးစွဲခြား၊ ကျေးလက်ဓလေ့တစ်ခုကိုသာ၍ လိုက်စားခြင်းတို့သည် အဓိပ္ပါယ်ကင်းမဲ့သောအရာများဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့၏ စိတ်သဘောသည် ယေရှုနှင့်တစ်ထပ်တည်းကျမည်ဆိုလျှင် အသက်ရှင်သောဘုရင်တစ်ပါးအဖြစ် နေထိုင်၍ အပယ်နှ အတားမရှိ၊ စိုးစံအုပ်ချုပ်မည့်နေရာကို ကျွန်ုပ်တို့လည်း သဘောတူရမည်။ (ဗျာ ၁-၂) ဤအရာသည်သာ အရာရာပြည့်စုံသောအသက်တာ (ယေရှုခေါ်သကဲ့သို့)ဖြစ်သည်။ သဘာဝထက်လွန်ကဲသောအရာ၊ ကောင်းကင်နိုင်ငံ၏အသက်တာ၊ မပျက်စီးနိုင်သောထာဝရသဘာဝ၊ မမြင်နိုင်သော နယ်ပယ်၏တန်ခိုး၊ သမ္မာတရား၊ မေတ္တာ၊ အသက်တာပေါ်ထွက်လာခြင်းဖြစ်သည်။ ဤအရာသည် ယေရှုကသူ၏လူများအတွက် မျက်စိဖြင့်မမြင်နိုင်သောကမ္ဘာ၊ လောကဆိုင်ရာအလင်းဖြင့် မထိုးဖောက်နိုင်သည့်နယ်ပယ်မှ ယူဆောင်လာသည့် ပြည့်စုံသောအသက်တာ၊ စီးဆင်းသော သက်စမ်းရေဖြစ်သည်။

ခရစ်တော်အားဖြင့် အတူတကွအသက်ရှင်ခြင်းသည် ဝတ်ပြုစည်းဝေးမည်သို့ပြုလုပ်ရမည့်ဆိုသည့် အကြောင်းအရာမဟုတ်ပါ။ ကောင်းကင်တမန်များ၏ ကြွေးကြော်သံဖြင့် ယေရှုလောကသို့သယ်ဆောင်လာသောအရာသည် အလဟသကွယ်ပျောက်မည်မဟုတ်ပါ။ လူတို့သာ၍အတွက် ယေရှုအသေခံခဲ့ပါသလား။ မဟုတ်ပါ။ ဝတ်ပြုစည်းဝေး၊ အသင်းတော်၊ လှုပ်ရှားမှုတစ်စုံတရာကိုအသစ် သောနည်း လမ်းအားဖြင့် ပြုလုပ်ဖို့ ယေရှုလောကသို့ ဆင်းသက်လာခြင်းမဟုတ်ပါ။ ထိုအရာသည် အသင်းတော်အားဖြင့် သူ၏ ရည်ရွယ်ချက်နှင့်နှိုင်းယှဉ်၍မရပါ။ (ဧဖက် - ၃း၁၀) သူသည် ရန်သူများကိုလူသိရှင်ကြားအစုလိုက်အပြုံလိုက်သတ်ဖြတ်ကာ အမြစ်ပြတ်ချေမှုန်းကာ ဂုဏ်သိက္ခာကျဆင်းစေလျက် သားတော်၏စရိုက်၊ လက္ခဏာ၊ အသက်တာ၊ ဉာဏ်ပညာ၊ ခွန်အားနှင့်တူလာစေဖို့ အခြားသူများ၏ အသက်တာကိုပြုပြင်ပေးလိုသော ဆန္ဒရှိသည်။ သူသည်ဘုရားသခင်၏သားများကို ကယ်တင်ရုံသာမက - ဘုရားသခင်၏ ဘုန်းတော်အထဲသို့ ခေါ်ဆောင်လာသူဖြစ်သည်။ သူသည် ငရဲတံခါးမှမပယ်နှတားနိုင်သော အသင်းတော်ကိုတည်ဆောက်လျက်ရှိသည်။ ယေရှုခရစ်၏ ကျေးဇူးတော်နှင့်သူ၏အာဏာစက်အားဖြင့် ကျွန်ုပ်တို့၏သားသမီး၊ မိသားစု၊ အိမ်နီးချင်းများကို စာတန်၏လှည့်စားမှု၊ ကျွန်ပြုခြင်းအထဲမှ ကျွန်ုပ်တို့သည်ပြန်လည်ခေါ်ဆောင်လာနိုင်ခြင်းဖြစ်သည်။ အသက်တာများ ပြောင်းလဲခဲ့သည်။ သူသည် ကျွန်ုပ်တို့အားလုံးနယ်ပယ်အသစ်ဖြစ်သော သူ၏နံဘေးတွင်အသစ်သော လေကိုရှူသွင်းခြင်း၊ မြင်ကွင်းအသစ်ကိုကြည့်စေခြင်း၊ အသစ်သောအရာကို ကြားစေခြင်း၊ အသစ်သောနှလုံးသားဖြင့်ခံစားခြင်း၊ ချစ်ခြင်းများကိုဖြစ်ပေါ်စေလိုသည်။ ဤထူးခြားသောအရာများကိုအသက်တာကြုံတွေ့စေလိုသကဲ့သို့ ဝတ်ပြုစဉ်တွင်လည်းရရှိစေလိုသည်။

ဤအကြောင်းအရာသည် သင့်ကိုခွန်အားဖြစ်စေပါသလား။ ဤနေရာတွင် ယုံကြည်ခြင်းနှင့် နာခံမှုကိုတွေ့ရပါသလား။ ဤအရာများအပေါ်သင်သည် အသက်ရှင်မည်ဆိုလျှင်သင်၏အသက်တာ စတင်

ပြောင်းလဲလာမည်။ သင်သည်အိပ်ယာကုတင်ပေါ်တွင် တချိန်လုံးအိပ်၍မဖြစ်တော့ပါ။ နေ့စဉ်ကျွန်ုပ်တို့သည် ယဇ်ပုရောဟိတ်၏နိုင်ငံတော်ဖြစ်သည်။ ဝတ်ပြုစည်းဝေးပြုလုပ်ခြင်းသည် အပိုအလုပ်သက်သက်သာဖြစ်သည်။ အသက်တာကြီးထွားမှုအတွက် ၉၀%သည် အတူတကွ နေထိုင်ခြင်းမှထွက်ပေါ်လာ၍ ၁၀%သည်သာ ဝတ်ပြုစည်းဝေးမှထွက်ပေါ်လာသည်။ ၎င်း၏ ဆိုလိုရင်းမှာ သင်သည်မိမိအိမ်မှထွက်လျက် သူတစ်ပါးအိမ်သို့ သွားရမည်ဟုဆိုလိုသည်။ သူတို့အတွက် ရေ၊ စားစရာ၊ အဝတ်အစားများယူဆောင်သွားပေးပါ။ သူတို့သည် ကလေးသူငယ်များအပေါ် ဒေါသထွက်နေသည်ကိုတွေ့လျှင် ထိုကလေးများကိုချော့လျက် အပြင်သို့ခေါ်ထုတ်ကာ အတူလမ်းလျှောက်ရမည်။ အကယ်၍ သူတို့သည် ဝါကြွားလျက်နေကြမည်ဆိုလျှင် နွေးထွေးစွာဆက်ဆံ၍ မာန်မာနမထားသင့်ကြောင်း ပြောပြနိုင်ရမည်။ အကယ်၍ အတ္တဆန်သောညီအစ်ကို တွေ့မည်ဆိုလျှင် ပခုံးဖက်၍ “ကျေးဇူးပြု၍နောက်ထပ်အတ္တစိတ်မထားပါနှင့်” ဟု ပြောရမည်။ လာမည့်ဝတ်ပြုစည်းဝေးမတိုင်မီ ကျွန်ုပ်တို့၏ မျက်စိကိုမှိတ်၍မဖြစ်ပါ။ နေ့စဉ် အသက်တာတွင်ညီအစ်ကိုများအလယ်၌ ဘုရားသခင်၏ အမှုတော်ဆောင် ယဇ်ပုရောဟိတ်များ၊ အယောက် (၁၀၀) ရှိသော မိခင်များ၊ ညီအစ်ကိုမောင်နှမများကဲ့သို့ အသက်ရှင်ရမည်။ ဤအရာသည် ဟေဗြဲ (၃)နှင့် အခြားကျမ်းပိုဒ်တွင် ဖော်ပြထားသော ဘုရားသခင်ထံမှ လာသည့် စစ်မှန်သောအမိန့်တော်ဖြစ်သည်။

ဟေဗြဲ ၃း၁၂-၁၄ “ညီအစ်ကိုတို့ သင်တို့သည် အသက်ရှင်တော်မူသောဘုရားသခင်ထံတော်မှ ထွက်သွားသောအားဖြင့် မယုံကြည်တတ်၊ ဆိုးညစ်သောစိတ်နှလုံးမရှိစေခြင်းငှာသတိပြုကြလော့။ ဒုစရိုက် လှည်းဖြားခြင်းအားဖြင့် သင်တို့စိတ်နှလုံးမခိုင်မာစေခြင်းငှါ၊ ယနေ့ဟူ၍ ခေါ်ဝေါ်သောအချိန် နေ့တိုင်းအစဉ် အချင်းချင်းတစ်ယောက်ကိုတစ်ယောက်တိုက်တွန်းနှိုးဆော်ကြလော့။ ငါတို့သည် စိတ်စွဲလမ်းခြင်းကို အစပြုသကဲ့သို့ အဆုံးတိုင်အောင်တည်ကြည်လျှင် ခရစ်တော်နှင့်ဆက်ဆံသောသူဖြစ်ကြ၏” ဤအရာသည် ဘုရားသခင်ထံမှလာသည် ဆိုသည့်အချက်ကိုသတိပြုပါ။ တန်ခိုးကြီးသောဘုရားအနေဖြင့် သင်နှင့်ကျွန်ုပ်အား နေ့တိုင်းအစဉ် တစ်ဦးနှင့်တစ်ဦးသတိပေးလျက် ကူညီကြဖို့မိန့်တော်မူ၏။ တစ်ဦးနှင့်တစ်ဦးနေ့တိုင်း အစဉ်အနီးအပါးတွင်နေရမည်။ သန့်ရှင်းသောဝိညာဉ်တော်က နေ့တိုင်းဆိုသည့်စကားလုံးကို ရွေးချယ်လျက် ပြောဆိုခဲ့သည်။ သူကဝတ်ပြုစည်းဝေးတွင်ဟုမပြောပါ။ သူကအချင်းချင်း နေ့စဉ်အသက်တာတွင် သမ္မာတရား အဆင့်ဖြင့် ပါဝင်ရောယှက်ရမည်ဟုဆိုသည်။ အကယ်၍ သူတစ်ပါးသည် ဤအမှုအရာများကိုပြုနိုင်သော်လည်း သင်သည် မိမိ၏လူနေမှု အဆင့်အတန်းမာန၊ အတ္တ၊ စံထားသည် လူနေမှုအဆင့်အတန်းတို့ကြောင့် သူတစ်ပါးနှင့်ပါဝင်ရောယှက်မှု မရှိခဲ့သော် - သင်သည် သာ၍စိတ်နှလုံးခိုင်မာသောသူ၊ သူခံစားသည်အရာကို မခံစားနိုင်သောသူအဖြစ် ဘုရားသခင်မှတ်ယူလိမ့်မည်။ ထိုအကြောင်းအရာကို သမ္မာကျမ်းစာတွင် တိကျစွာ ဖော်ပြထားသည်။ ထိုအရာကို လုပ်ဆောင်ပါဟု ပြောရုံသက်သက်မဟုတ်ပါ။ အကယ်၍ မလုပ်ဆောင်နိုင်ခဲ့သော် ထိုအရာများမှ သင့်ကိုကြီးမားစွာထိခိုက်နာကျင်စေလိမ့်မည်။ ကျွန်ုပ်နေ့စဉ်အသက်တာတွင် လာ၍ စကားပြောသောသူမရှိလျှင် ကျွန်ုပ်သည်စိတ်နှလုံးခိုင်မာသောသူဖြစ်သည်။ ကျွန်ုပ်သည် လိမ်လည်သောသူဖြစ်လိမ့်မည်။ “ကျွန်တော် နေ့တိုင်းကျမ်းစာဖတ်တယ်၊ ဆုတောင်းတယ်၊ ကျွန်တော့် ဇနီးသည်က ခရစ်ယာန်တစ်ဦးဖြစ်တယ်၊ နေ့တိုင်းသူမနှင့်တွေ့တယ်”ဟု သင်သည်ပြောလိမ့်မည်။ ဘုရားသခင်ပြောသောအရာသည် ထိုအချက်မဟုတ်ပါ။ သင်သည် သူတစ်ပါး၏အသက်တာတွင် ပါဝင်ရောယှက်ခြင်း (သို့) အချင်းချင်းကူညီ

ယိုင်းပင်းမှုမရှိဘဲ နေ့တိုင်းကျမ်းစာဖတ်၍ ဆုတောင်းနေမည်ဆိုလျှင် သာ၍သာ၍ စိတ်နှလုံးခိုင်မာသောသူ၊ လိမ်လည်သောသူဖြစ်လာမည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဟေဗြဲ ၃း၁၂-၁၄ တွင် ဘုရားသခင်မိန့်တော်မူ၏။ သမ္မာကျမ်းစာကို သင်ယုံကြည်ပါသလား။ ဘုရားသခင်ကို သင်ယုံကြည်ပါသလား။

ကျမ်းစာကိုဘယ်သူရေးသလဲ။ အချင်းချင်းတို့၏ နေ့စဉ်အသက်တာတွင် ပါဝင်ရောယှက်ဖို့ ဘုရားသခင်မိန့်တော်မူ၏။ အဘယ်ကျွန်သည် အတ္တစိတ်ရှိကြောင်းတွေ့မည်ဆိုလျှင် ညီအစ်ကိုအတ္တမဆန်ပါနှင့်ဟုတောင်းပန်သည့် သဘောဖြင့်လာ၍ သင်သည်ပြောရမည်။ အကယ်၍ ကျွန်ုပ်မာန်မာနစိတ်ရှိကြောင်း တွေ့မည်ဆိုလျှင် ဘုရားသခင်သည် ဝါကြွားမှုကိုဆန့်ကျင်သောသူဖြစ်ကြောင်းလာ၍သင်သည်သတိပေးရမည်။ ဘုရားသခင်၏ ဆန့်ကျင်မှုကိုကျွန်ုပ်မလိုလားပါ။ ထိုအရာများကို တချိန်လုံးလိုလိုမတွေ့နိုင်သောကြောင့် သင်သည် ကျွန်ုပ်အားကူညီရမည်။ မည်သူမှမတတ်နိုင်ပါ။ "သင်တို့သည် စိတ်နှလုံးခိုင်မာခြင်း၊ လှည့်ဖြားခြင်း မရှိစေဖို့ နေတိုင်းတစ်ဦးနှင့်တစ်ဦးကူညီဖေးမကြလော့။" ဤအကြောင်းအရာသည် ကမ္ဘာနှင့်အဝှမ်း လူအများစု မလိုက်နာကြသော သမ္မာတရားဖြစ်သော်လည်း နေ့စဉ်အသက်တာတွင်အတူတကွလိုက်နာရမည့် အရေးကြီးသောအချက်ဖြစ်သည်။ ဤအရာသည် ယဇ်ပုရောဟိတ်ဆုကျေးဇူးကိုအသုံးပြုခြင်း၊ ခရစ်တော်၏သံတမန်တစ်ဦးအဖြစ်အသုံးပြုလျက်သင့်အားဖြင့် ဘုရားသခင်အမှုပြုခြင်းအတွက်သော့ချက်တစ်ခုဖြစ်သည်။

သင်၏ ကျမ်းစာတွင်ဖော်ပြထားသည့်အတိုင်း ဤသမ္မာတရားကိုနေ့တိုင်းလက်တွေ့ကျင့်သုံးမည်ဆိုလျှင်ယခုမှစ၍နှစ်နှစ်ကြာသောအခါ ယေရှုနှင့်မည်မျှနီးစပ်မှုရှိလာသည်ကို အံ့သြဖွယ်ရာမြင်တွေ့ရလိမ့်မည်။ "အချင်းချင်းနေ့တိုင်းတိုက်တွန်းနှိုးဆော်ကြလော့။" နေ့တိုင်းသူတစ်ပါး၏ သားသမီး၊ အိမ်ထောင်ရေး၊ လုပ်ငန်းခွင်တို့တွင်ပါဝင်ရောယှက်ပါ။ ထိုအရာသို့သွားပါ။ သက်တောင့်သက်သာရှိသော သင်၏နေအိမ်မှထွက်၍ ထိုနေရာတွင် ယခင်ကသင်မလုပ်ခဲ့ဖူးသော အလုပ်ကိုစတင်လုပ်ဆောင်ပါ။ မှန်ပေ၏။ ကျေးဇူးပြု၍ ယေရှုအတွက် သင်စတင်လုပ်ဆောင်ဖို့ ကျွန်ုပ်တောင်းပန်ပါရစေ။ နေ့စဉ်အသက်တာတွင် သူတစ်ပါးအား သူ၏နှုတ်ကပတ်တော်ကို ဘုရားသခင်ပြောသကဲ့သို့ လက်တွေ့ကျကျမေတ္တာအလိမ္မာဖြင့်ပြောပါ။ ညီအစ်ကိုမောင်နှမများ သင်တို့စည်းဝေးသောအခါ လမ်းညွှန်ချက်၊ သီးချင်း၊ ဗျာဒိတ်စသည်တို့အားပြောဆိုကြပါ။ ဗျာဒိတ်ရသော သူနောက်တယောက်ထလာသောအခါ ပထမလူသည်ထိုင်ရမည်။ ဤတရားစကားဖြင့် သင်သည်လက်တွေ့လျှောက်လှမ်းသောအခါ - ယခင်ကယေရှုကိုအလွန်ချစ်သည်ဟုသင်ယူဆသော သူများသည် "ချစ်သင့်သလောက်" အတိုင်းအတာဖြင့် မချစ်ကြသေးကြောင်းတွေ့လာမည်။ သင်သည် ယခင်ကအလွန်အားနည်းသည်ဟုယူဆသော သူသည်အလွန်အားကြီးလာသည်သာမက ပညာလည်းရှိကြောင်းတွေ့ရသည့်အခါလည်းရှိလာမည်။ ဘုရားသခင်၏လမ်းစဉ်သည် အတုများကိုဖော်ထုတ်လျက် အားနည်းသောသူကို အားကြီးသောသူဖြစ်စေသည်။ ဘုရားသခင်ဘုန်းကြီးပါစေ။

ဤစည်းစိမ်ကိုသင့်အားအပ်နှံထားသည်။ ယေရှုအတွက်လက်တွေ့အသုံးချပါ။ ယေရှုအတွက်လက်တွေ့အသုံးချပါ။ ယေရှုပြောသည့်အချက်အားဖြင့် စစ်မှန်သောခရစ်ယာန်၏အဓိပ္ပါယ်ကို သင်သည်ဖွင့်ဆိုနိုင်ရမည်။ ခေါင်းဆောင်မှုသရုပ်သကန်အမှန်ကို သင်သည်သဘောပေါက်ရမည်။ နေ့စဉ်အချင်းချင်းခွန်အားပေးခြင်း တည်ဆောက်ခြင်းအားဖြင့်အသက်ရှင်ပါ။ တစ်ဦးနှင့်တစ်ဦးကြီးထွားဖို့ ကူညီလျက်မွန်းလွဲပိုင်း၊

ညနေပိုင်းအချိန်တွင် ယေရှုကိုသာ၍ချစ်နိုင်ဖို့အကူအညီပေးပါ။ ဘုရင်ယေရှု၏ခြေတော်ရင်းတွင် လာရောက်စုရုံးကြပါ။

သမ္မာကျမ်းစာသည် ၁၀၀% မှန်ကန်သောစာအုပ်ဖြစ်သည်။ ထိုစာအုပ်သည် ယေရှုနှင့်သူ၏နောက်လိုက်သူများ အကြောင်းရေးသားထားသော စာအုပ်ဖြစ်သည်။ သူတို့သည် ဘုရားသခင်နှင့်အတူလက်တွဲ၍လျှောက်လှမ်းသောအခါ ထိခိုက်နာကျင်မှုများ၊ အတွေ့အကြုံသင်ခန်းစာရရှိသည့် အကြောင်းအရာများကိုဖော်ပြထားသည်။ သူတို့၏ အကြောင်းအရာများထဲမှသင်ယူစရာများကိုသင်ယူနိုင်ပြီး ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင် ဘုရားသခင်နှင့်အတူလက်တွဲလျှောက်လှမ်းသည့်အသက်တာကို လက်တွေ့ကျင့်သုံးနိုင်သည်။ ဤအဆိုအရ - ကျွန်ုပ်တို့သည် အသက်ရှင်သောအစာဖြစ်ကြလိမ့်မည်။ ကမ္ဘာ့စာဖိတ်ပရိသတ်များက ကျွန်ုပ်တို့အားမပြောင်းလဲစေနိုင်ဘဲ အတူတကွစုပေါင်းနေထိုင်ခြင်းက ကျွန်ုပ်တို့အလိုရှိသောနက်နဲသည့်အရာသည် စိတ်နှလုံးထဲသို့ ဘယ်သောအခါမှရောက်ရှိလာနိုင်မည်မဟုတ်ပါ။ နေ့စဉ်အတူတကွ လက်တွဲ၍အလုပ်လုပ်သောအခါ ယေရှုသွန်သင်ပေးမည့်နက်နဲမှုရှိသော ဘဝသင်ခန်းစာများသည် လူတိုင်းလက်ထဲတွင်ကိုင်ဆောင်ထားသော သမ္မာကျမ်းစာရှိသင်ခန်းစာများကို ကိုယ်တိုင်လေ့လာခြင်းအားဖြင့် ဘယ်သောအခါမှရနိုင်မည်မဟုတ်ပါ။ "အသင်းတော်သည်သမ္မာတရား၏တိုင်၊ အခြေခံအုတ်မြစ်ဖြစ်သည်။ လူတို့အတွက်အသက်၏အလင်းဖြစ်သည်။"

အသက်တာဆိုသည်မှာ - အာဘော်၊ နည်းဥပဒေများကို သင်ကြားပေးသည့်သဒ္ဒါသင်တန်းကျောင်းနှင့်မတူပါ။ ကျွန်ုပ်တို့၏ရှေ့မှသွားခဲ့သော - ယေရှုကိုနက်နဲစွာချစ်သော ယောက်ျား၊ မိန်းမတို့သည် ကျွန်ုပ်တို့ဆက်သွယ်နေသော ဘုရားကိုပင်ဆက်သွယ်နေကြသောကြောင့်သူတို့ကဲ့သို့ဖြစ်ဖို့ ကိုယ်တော်သည် ကျွန်ုပ်တို့အားခေါ်ဖိတ်လျက်နေသည်။ ထိုသို့လုပ်ဆောင်နိုင်ဖို့ ရန်သူတို့သိသောအရာကိုသိရုံဖြင့်မလုံလောက်ဘဲသူတို့ခံစားသောအရာကို ကျွန်ုပ်တို့လည်းခံစားရမည်။ သူတို့လျှောက်သည့်ခရီးစဉ်ကိုကျွန်ုပ်တို့အား ဘုရားသခင်လျှောက်စေလိုသည်။ ထိုခရီးကိုလျှောက်စဉ် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုအတူတကွ လက်တွေ့အသုံးချနိုင်ကြလိမ့်မည်။ ထိုခရီးစဉ်ကို အတူလက်တွဲ၍လျှောက်လှမ်းကြသောအခါ ဆိုးဝါးသောအချိန်၊ ကောင်းသောအချိန်များ ရောက်စေကာမူကျွန်ုပ်တို့၏မေရှိယကို မျှော်ကြည့်လျက်အားနည်းချက်၊ အားသာချက်များဖြင့် မျက်ရည်ကျလျက်မေတ္တာဖြင့် တစ်ဦးနှင့်တစ်ဦးကူညီဖေးမရမည်။ ကျွန်ုပ်တို့ စုပေါင်းနေထိုင်သည့်အခါ ဘုရားသခင် ကူညီလျက်ပြင်ဆင်ပေးမည်ဟု ယုံကြည်လျက် အစဉ်ရှေ့သို့ချီတက်ရမည်။

အကယ်၍သင်သည်ယေရှုကိုချစ်လျက် မှန်ကန်သောလမ်းကိုထွင်မည်ဆိုလျှင် မကြာမီငရဲတံခါးပိတ်လိမ့်မည်။ အပြစ်တရားသည်ပြိုကွဲလိမ့်မည်။

အားနည်းချက်၊ အနာရောဂါများသည် ငြိမ်းလိမ့်မည်။ အပြစ်သည် ခွင့်လွှတ်ခြင်းခံရမည်။ သနားကြင်နာမှုသည် လူအပေါင်းတို့ကို နောင်တသို့ဦးဆောင်လိမ့်မည်။ သင်စိတ်ကူးယဉ်အိမ်မက်မက်ခဲ့သောအရာထက်အချင်းချင်းဆက်ဆံရေးသည် သာလွန်ကောင်းမွန်လာမည်။ ကောင်းကင်တွင် ကြယ်များထွန်းလင်းသကဲ့သို့သင့်အားဖြင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းပေါ်ထွန်းလိမ့်မည်။ မင်္ဂလာဆောင်သတို့သမီးဖြစ်သည့်အသင်းတော်သည် ထိုသို့ပြင်ဆင်သောအားဖြင့်သတို့သားပြန်လာသောအခါ အဆင်သင့်ဖြစ်လိမ့်မည်။

အာမင်

ဘုရားသခင်သည် ယခုပင်ပြည့်စုံစေလိုသည်။

အဲလ်ဆက်အိုင်စတိုင်းနှင့်ပတ်သက်သောစာရွက်စာတမ်းအချို့ကို တစ်ကြိမ်ကကျွန်ုပ်ဖတ်ခဲ့သည်။ နိဒါန်းပိုင်းရှိ စာပိုဒ်တစ်ပိုဒ်တွင် ဤသို့ဖော်ပြထားသည်။ "ရှေးလွန်လေပြီးသောကာလ၊ တစ်နေ့သောအခါ လူတစ်ဦးသည် စကြာဝဠာကိုထူးခြားသောမျက်စိဖြင့်ကြည့်လျက်သဘောပေါက်ကာ သူနေထိုင်သည့် စကြာဝဠာကိုပြောင်းလဲစေခဲ့သည်။" ထိုစိန်ခေါ်မှုကို သင်၏မျက်မှောက်တွင်ပြည့်စုံစေဖို့ ကျွန်ုပ်တို့အလိုရှိသည်။ သူသည် စကြာဝဠာကိုကြည့်သောအခါ သာမန်မျက်စိဖြင့်မကြည့်ဘဲ ထူးခြားသောဝိညာဉ်မျက်စိဖြင့် ကြည့်ခဲ့သည်။ ဟေဗြဲ (၁၁)တွင် ဖော်ပြထားသည့်ပုဂ္ဂိုလ်များအနက် တစ်ဦးဦးကဲ့သို့ဖြစ်ဖို့ သင်သည်စိန်ခေါ်မှုခံရသည်။ ဘုရားသခင်၏နယ်ပယ်သည် အစဉ်သဖြင့်ဘုန်းတော်တိုးပွားလျက်ရှိကြောင်း သူ၏ရူပါရုံမျက်စိဖြင့်ကြည့်မြင်ပါ။ ဟေဗြဲ (၁၁)တွင် ဖော်ပြထားသည့် ယုံကြည်သူများ၏ရုပ်ပုံလွှာကို စိတ်ထဲတွင်မြင်ယောင်ကြည့်ပါ။ သူတို့သည် မြို့ကိုတည်ဆောက်သောသူကို မြင်တွေ့သောအခါ အခြားမည်သည့်အရာအားဖြင့် တင်းတိမ်မှုကိုမခံစားရတော့ပါ။ သူတို့၏ မြို့ဟောင်းသို့ပြန်မသွားလိုကြတော့ပါ။ သူတို့သည် ကောင်းကင်နှင့်ဆိုင်သော စီမံကိန်းကို အဝေးမှကြည့်မျှော်လျက် သူတို့သည်ထိုအရာကိုလက်တွေ့အကောင်အထည်ဖော်ခြင်း၊ ထိုမြို့တွင်လက်တွေ့နေထိုင်ခြင်းတည်းဟူသော သူတို့အဖို့စီစဉ်ထားသည့်အတိုင်းမဖြစ်သေးသော်လည်း နောက်ပြန်လှည့်လိုသောဆန္ဒမရှိခဲ့ကြပါ။ ထို့ကြောင့် ဘုရားသခင်သည်သူတို့၏ ဘုရားဟုခေါ်ဝေါ်ခြင်းခံယူဖို့နှင့်သူတို့ကို သူ၏လူအဖြစ်သတ်မှတ်ဖို့မရှက်ပါ။

သင်နှင့်ကျွန်ုပ်သည်လည်း ထိုသို့သောစိန်ခေါ်မှုမျိုးခံနေရလျက်ရှိသည်။ သင်နေထိုင်သော ကမ္ဘာ စကြာဝဠာ၊ အထူးသဖြင့် အသင်းတော်ကိုကြည့်မည်ဆိုလျှင် ခမည်းတော်၏အိမ်တော်အတွက် ပူပန်မှုသည် သင်၏စိတ်နှလုံးကိုဆွဲမြေ့စေလိမ့်မည်။ ထိုသို့သောစိတ်အားထက်သန်မှုသည် သင်၏စိတ်နှလုံးကို လောင်ကျွမ်းစေသောအခါ သင်၏ပတ်ဝန်းကျင်တွင်ထိုစီမံကိန်းအကောင်အထည်ဖော်နိုင်ဖို့အရာရာကိုစွန့်စားလုပ်ကိုင်လိုသောဆန္ဒရှိလိမ့်မည်။ သင်၏အသက်တာတွင် စွန့်စားမှုရှိလိမ့်မည်။ သင်၏မိသားစုတွင် စွန့်စားမှုရှိလိမ့်မည်။ (ဆာ-၆၉း၈-၉) သင်၏လုပ်ငန်းတွင် စွန့်စားမှုရှိလိမ့်မည်။ ဘုရားသခင်နှင့်သူ၏ အကြံအစည်တော်အတွက် သင်မည်သည့်အရာကိုမဆို သင်သည်စွန့်စားရလိမ့်မည်။ ဤအရာသည် သူ့ထံမှပေါ်ထွက်လာခြင်းဖြစ်သည်။ သမ္မာကျမ်းစာတွင်ဖော်ပြထားသော ခရစ်ယာန်ဖြစ်ခြင်းဆိုသည်မှာ ထိုသို့ဖြစ်သည်။ ထိုအရာသည်ရေပမ်းစားသော အတွေးအခေါ်၊ အကြံအစည်မဟုတ်ပါ။ ရော (၄) "အာဗြဟံ၏ ယုံကြည်ခြင်း ရှိသောသူသည်အာဗြဟံ၏ သားသမီးဖြစ်သည်။"

ထို့ကြောင့် သင်သည်မည်သို့သော အခြေအနေ၊ အသင်းတော်၊ နိုင်ငံ၊ ဒေသ၊ နေအိမ်တွင် ရှိစေကာမူ "ဘုရားသခင်လက်ခံသော အရာကိုငါသည်လက်မခံသေးပါလား" ဆိုသည့် အချက်ကိုအစဉ်သတိပြုရမည်။ ပျင်းရိခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်မျက်ကွယ်ပြုခြင်း၊ ရူပါရုံမရှိခြင်း၊ ကိုယ်ပိုင်အသက်တာတွင် အပြစ်ပြုခြင်းတို့သည် မိမိကိုယ်ကိုမထိုက်တန်ပါဟူသော အတွေးအခေါ်ဝင်လာစေနိုင်သဖြင့်လက်မခံပါနှင့်။ လောဒကိအသင်းတော်ကဲ့သို့ မပူမအေးအသက်တာတွင်နေထိုင်သည်ကို သူတစ်ပါးကျေနပ်သကဲ့သို့ မကျေနပ်ပါနှင့်။

သင်သည် သာမန်အသင်းသားတစ်ဦးသာဖြစ်သောကြောင့် မည်သည့်အကြံကောင်း ဉာဏ်ကောင်းကို ပေးနိုင်မည်မဟုတ်ဟု ယူဆပါသလား။ ကျွမ်းကျင်လိမ်မာတတ်မြောက်သောသူများစွာရှိသောကြောင့် သင်၏ အတွေးအခေါ်သည်အဖိုးမတန်ပါဟု သင်ယူဆပါသလား။ အဘယ်ကြောင့် ထိုသို့ပြောနိုင်သနည်း။ သင်သည် မည်သို့ပင်ဖြစ်စေကာမူ ပေးလှူစရာတစ်စုံတစ်ရာရှိနိုင်သည်။ အကယ်၍သင်သည် သခင်ဘုရား၏နာမကို တိုင်တည်၍ အသက်တာကိုအုပ်စိုးစေဖို့အပ်နှံမည်ဆိုလျှင် သင့်ထံ၌ပေးလှူစရာတစ်စုံတစ်ရာရှိလာနိုင်သည်။ သင်၏အပြစ်များကိုဆေးကြောပေးဖို့ သခင်ဘုရားထံဆုတောင်းမည်ဆိုလျှင် သင့်ထံ၌ပေးလှူစရာ (အကြံဉာဏ်) တစ်စုံတစ်ရာရှိနိုင်သည်။ သူ၏ဆန္ဒမှုကား အကြီးဆုံးမှအငယ်ဆုံးတိုင်အောင် သူ့ကိုသိကျွမ်းလျက် သူ၏လမ်းညွှန်မှုကိုခံယူကာ နေ့စဉ်အသက်တာတွင် ဘုရားသခင်ကိုဦးခေါင်းအဖြစ်ထားပြီးမိတ်သဟာရဖွဲ့ကြဖို့ဖြစ်သည်။

ကြီးမြတ်သောလူတစ်ဦး (သို့) လူတစ်စုတို့သည် မိမိနေထိုင်သည့်ပတ်ဝန်းကျင်(သို့) စကြာဝဠာ ကိုကြည့်ကာ "ဘယ်လိုပြောင်းလဲစေနိုင်မလဲ" ဆိုသည့် မေးခွန်းကိုမေးလိမ့်မည်။ ထိုအကြောင်းအရာသည် ဟေဗြဲ(၁၁)တွင် ဖော်ပြထားသောအကြောင်းအရာဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့တစ်ဦးစီသည် ခွန်အား နှင့်ပြည့်ဝခြင်း၊ စိတ်ဆန္ဒပြင်းထန်ခြင်း၊ ဦးခေါင်းနှင့်ဆက်သွယ်ခြင်းပြုလုပ်မည်ဆိုလျှင် ထိုသို့အကောင်အထည် ဖော်ဖို့ဘုရားသခင်ခေါ်ဖိတ်ထားသည့်အကြောင်းကိုတွေ့ရလိမ့်မည်။ ကိုယ်တော်၌တည်မည်ဆိုလျှင် ကျွန်ုပ် တို့သည်များစွာသောအသီးကိုသီးနိုင်မည်။ သင်နေထိုင်သောကမ္ဘာကို ပြောင်းလဲစေနိုင်သောသူဖြစ်လိမ့်မည်။

ခရစ်ယာန်အသိုင်းအဝိုင်းတွင် နားလည်မှုလွဲမှားသောအရာတစ်ခုကိုရှင်းထုတ်ဖို့ ကျွန်ုပ်မျှော်လင့်ပါ သည်။ ၎င်းမှာ-ခရစ်ယာန်ဖြစ်ခြင်းသည် အဖြစ်အပျက်၏အဆုံးပိုင်းဖြစ်သည်ဟု မှတ်ယူကြခြင်းဖြစ်သည်။ တနင်္ဂနွေနေ့တိုင်းတွင် ဝတ်ပြုစည်းဝေးတက်ခြင်းသည် ခရစ်တော်ဒုတိယအကြိမ်မကြွလာမီ ဆက်လက်ထိန်းသိမ်း ရမည့်တာဝန်ဖြစ်၍ ထိုတာဝန်ပြီးလျှင်တောင်ပေါ်သို့အခမ်းအနားတက်ရမည်။ ထိုအတွေးအခေါ်သည် ဘုရားသခင်၏ အတွေးအခေါ်နှင့်မကိုက်ညီသောကြောင့် လုံးဝမှားယွင်းကြောင်း ကျွန်ုပ်အနေဖြင့် ထောက်ပြလို ပါသည်။ ထိုအယူအဆသည် လောဒကိအသင်းတော်၏ခံယူချက်နှင့်တူသောကြောင့် ကိုယ်တော်အားစိတ်ပျက် စေသဖြင့် မှားယွင်းသောဘာသာရေးဖြစ်ကြောင်း ဘုရားသခင်အနေဖြင့်ထောက်ပြထားသည်။

"အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သခင်ယေရှုခရစ်ကိုအကြောင်းပြု၍ ထာဝရအကြံတော်ရှိသည်နှင့် အညီကောင်းကင်အရိပ်တို့၌ အထွက်အမြတ်အာဏာစက်တို့သည် ဘုရားသခင်၏ထူးဆန်းသော ပညာတော် ကိုအသင်းတော်အားဖြင့် ယခုသိရကြမည်အကြောင်းတည်း။" (ဧ-၃း၁၀)

ဤအရာသည် ယခုဘုရားသခင်ဖြစ်စေလိုသောအကြံအစည်ဖြစ်သည်။ သူ၏အလိုတော်သည် အသင်းတော်အားဖြင့် သူ၏ထူးဆန်းသောဉာဏ်ပညာကိုလူတို့အားသိစေဖို့ဖြစ်သည်။ တစ်ဦးချင်းစီ ကယ်တင်ခြင်းရရှိသည့်အဆင့်၊ လူတို့အနေဖြင့် ဝက်ကောင်းစားလှများဝတ်ဆင်၍ နေ့ထူးနေမြတ်များတွင် ဟောပြောပွဲများကို တက်ရောက်နားထောင်ခြင်းအဆင့်တို့တွင်ရပ်တန့်မနေဘဲ ယုံကြည်သူလူ့ဘောင်အဖွဲ့ အစည်းတွင် အချင်းချင်းကူညီယိုင်းပင်းကာထောက်ပံ့ခြင်းဖြင့် မိမိခံစားရသည့်ဆုကျေးဇူးများကို အချင်းချင်း ဖလှယ်မှုရှိရမည်။ "တစိတ်တဝမ်းတည်း၊ ရည်ရွယ်ချက်တစ်ခုတည်းဖြင့် တစ်ဖက်တည်းတွင်ရပ်တည်ရမည်။" ဥစ္စာပစ္စည်းတိုးပွားစေရန် ကြိုးစားရမည့်အစား လူထုပရိတ်သတ်အလယ်၌ဖြစ်စေ၊ တစ်အိမ်တက်ဆင်း

ပြုလုပ်၍ဖြစ်စေ စုပေါင်း၍တမန်တော်တို့၏ သွန်သင်ချက်ကိုနားထောင်ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ မိတ်သဟာရဖွဲ့ခြင်း၊ ဆုတောင်းခြင်းဖြင့် တမန်တော်ဝတ္ထုကျမ်း၏ ရှုပါရုံအတွက် နေ့တိုင်းတိုက်ပွဲဝင်ခဲ့ကြသည်။ ဘုရားသခင်၏ လူများအတွက်ထားသော ရှုပါရုံတည်းဟူသော စုပေါင်းနေထိုင်မှုစနစ်ကိုငရဲတံခါးတို့သည် အောင်မြင်နိုင်မည် မဟုတ်ပါ။ အသင်းသူ/သားများ၏ တက်ရောက်မှုကို အခြေခံထားခြင်းသည် ဟိန္ဒူဘာသာ၊ မူဆလင်ဘာသာ များအတွက် ကောင်းမည်ဖြစ်သော်လည်း ယေရှုစတင်ခဲ့သောအရာ၊ ဘိသိတ်ပေးခဲ့သောအရာနှင့်ကိုက်ညီမှု မရှိပါ။

အသင်းတော်အားဖြင့် ယခုသူအကောင်အထည်ဖော်မည့်အလုပ်သည် ဝတ်ပြုစည်းဝေးတွင် တက်ရောက်လာသူများအဖြင့်လုပ်ဖို့မဟုတ်ဘဲ၊ အတူတကွစုပေါင်းနေထိုင်ကြလျက် တစ်ဦးနှင့်တစ်ဦး အပြစ် ဝန်ချတောင်းပန်ခြင်း၊ တစ်ဦး၏ဝန်ကိုတစ်ဦးကထမ်းခြင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခြင်းရှိကြသော လူ့ဘောင် အဖွဲ့အစည်းဖြင့် အကောင်အထည်ဖော်ဖို့ဖြစ်သည်။ ဤအရာသည် လူတို့မျက်စိဖြင့် မြင်နိုင်သော အသက်တာ ဖြစ်သည်။ ဤသို့သော အသက်တာသည် ယော(၁၇)တွင် ယေရှုမိန့်တော်မူခဲ့သည့်အတိုင်းသင်တို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာပြခြင်းအားဖြင့်အခြားလူတို့သည် ကောင်းကင်နိုင်ငံကိုမြင်တွေ့ကြလိမ့်မည်ဆိုသည့် အသက်တာမျိုးဖြစ်သည်။ သူသည်တစ်ဦးအာဏာစက်များကိုဖျက်စီး၍ ဂုဏ်သိက္ခာညိုးနွမ်းစေမည်ဟု ပြောခဲ့သည်။ အသင်းတော်အားဖြင့် ယခုဘုရားသခင်လုပ်ဆောင်ရမည့်အရာသည် စာတန်၏တန်ခိုးအာဏာ စက်တို့ကို လူသိရှင်ကြားဖျက်ဆီးဖို့ဖြစ်သည်။ သမ္မာကျမ်းစာအရ အသင်းတော်အားဖြင့် သူ၏ရန်သူကိုခြေဖြင့် နင်းချေမရဆိုသည့်အချက်သည် သူဒုတိယအကြိမ်ကြွလာပြီးမှ ဆောင်ရွက်စရာအမှုပြီးဆုံးသည့် ထာဝရ နိုင်ငံတော်ကို ထူထောင်သည့်ကာလ၌ ပြည့်စုံစေမည်ဟုမဆိုဘဲ ယခုအကောင်အထည်ဖော်မည်ဟုဆိုလိုသည်။

ကျွန်ုပ်တို့အနေဖြင့် အရာခပ်သိမ်းပြည့်စုံသော စိတ်ကူးယဉ်ကမ္ဘာအကြောင်းကို ပြောဆိုနေခြင်း မဟုတ်ပါ။ ကျွန်ုပ်တို့သည် လူမှုရေးဆိုင်ရာလှုပ်ရှားမှု (သို့) ခေတ်လွန်ဖြစ်ပျက်မည့်အရာ (သို့) အုပ်စိုးမှု သီအိုလော်ဂျီအကြောင်းကို ပြောဆိုနေခြင်းမဟုတ်ပါ။ ထိုအရာသည် သက်တောင့်သက်သာ အကြောလျှော့ခြင်း မဟုတ်ဘဲလက်ဝါးကပ်တိုင်ဖြစ်သည်။ ထိုနေရာသည် ဘုရင်တကာတို့၏ဘုရင် ယေရှုထုတ်ဖော်ခဲ့သော အသက်တာကဲ့သို့ စုပေါင်း၍အသက်ရှင်နေထိုင်ရမည့်နေရာဖြစ်သည်။ သူသည် နွားစာခွက်တွင် တရားမဝင် သောကလေးအဖြစ်မွေးဖွားလျက် ငှါးယူလာခဲ့သောမြည်းကိုစီးလျက် ပိုင်ဆိုင်မှုဥစ္စာမရှိသော သူအဆင့်မြင့်ပညာ မတတ်မြောက်ထားသောသူ၊ နိုင်ငံရေးရာထူးမရှိသောသူ၊ ရုပ်ရည်အားဖြင့် စွဲမက်စရာမကောင်းသောသူအဖြစ် နေထိုင်ခဲ့သည်။ ကျွန်ုပ်တို့ပြောဆိုကြသည့် အကြောင်းအရာမှာ - လူတို့၏စိတ်နှလုံးကိုအောက်ခြေအဆင့်မှစ၍ ဖောက်ထွင်းသိမြင်လျှက် လက်ဝါးကပ်တိုင်သို့ခေါ် ဆောင်နိုင်သောသူအကြောင်းဖြစ်သည်။ သူတို့ခေတ်အခါက လွဲမှားစွာအသက်ရှင်နေသည်ဟု စွပ်စွဲခြင်းခံရသောသူသည် လူကိုဖမ်းဖို့ တံငါသည်ဖြစ်စေဖို့တံငါသည် တစ်ခုကို ရွေးကောက်ခဲ့သည့်အကြောင်းကို ကျွန်ုပ်တို့ပြောဆိုခြင်းဖြစ်သည်။ သူ၏နေအိမ် (နေထိုင်ရာ) အစိတ်အပိုင်း တစ်ခုအဖြစ် ပါဝင်ဖို့ခေါ် ဖိတ်လျက်ရှိသည်။ အသက်ရှင်သော ကျောက်ပြားဖြစ်စေရမည်။ သူ၏လူတစ်ကြိမ်သာ ဖြစ်စေဖို့မဟုတ်ဘဲ၊ သူ၏လူစုဖြစ်လာဖို့စေခိုင်းနေခြင်းဖြစ်သည်။ ထိုအရာသည် ဘုရားသခင်၏စိတ်နှလုံး ဖြစ်သည်။

ယေရှုကိုလောက (သို့) ရောမနိုင်ငံ (သို့) သင်နေထိုင်သော တိုင်းပြည် (သို့) အသင်းတော် နည်းစနစ်ကို အောင်မြင်သောသူအဖြစ်သတ်မှတ်ဖို့မဟုတ်ဘဲ သူ၏နိုင်ငံတော်နှင့်အတူနာဇရက်မြို့သား ယေရှုကိုလက်ခံပါ။ သူ့ကိုမေတ္တာတရား၊ ခွင့်လွှတ်ခြင်း၊ မိမိအသက်ကို စွန့်လွှတ်သော လက်သမားဆရာ ဘုရင်အဖြစ်လက်ခံသကဲ့သို့ ဗိမာန်တော်မှ စားပွဲခုံများကိုမှောက်လဲသောသူ၊ သူ၏ ခမည်းတော်၏အိမ်အတွက် ပူပန်စွဲလမ်းမှုရှိသောကြောင့် ကြာပွတ်ဖြင့်ဗိမာန်တော်တွင် ရောင်းဝယ်ဖောက်ကားသူတို့အား ရိုက်နှက်သောပုဂ္ဂိုလ်အဖြစ် ယေရှုကို ရိုးသားစွာ လက်ခံပါ။

ယေရှုသည် သူနေထိုင်သော ကမ္ဘာနှင့်စကြာဝဠာကိုပြောင်းလဲစေလိုသကဲ့သို့ ကျွန်ုပ်တို့အားလည်း ထိုအမှုထဲတွင် ပါဝင်စေလိုသည်။ ဤအကြောင်းအရာသည် ပြောင်းလဲခြင်းဆိုင်ရာ သတင်းစကားမဟုတ်ပါ။ ဤအရာသည် ဘုရားသခင်၏အကြံအစည်အတိုင်း သန့်ရှင်းစင်ကြယ်လာစေဖို့ခေါ်ဖိတ်ခြင်း၊ သင်၏ အသက်တာနှင့်စိတ်နှလုံးထဲတွင် သူ၏ရုပ်ပုံကိုချီးမြှောက်ဖို့ခေါ်ဖိတ်ခြင်းသည် မြင်နိုင်သောစကြာဝဠာကိုလည်း ပြောင်းလဲစေဖို့ ခေါ်ဖိတ်ခြင်းဖြစ်သည်။ ယခုသူ၏ အကြံအစည်မှာ- အသင်းတော်အားဖြင့် ကောင်းကင်အရပ်တို့၌ အထွတ်အမြတ်အာဏာစက်၊ ထူးဆန်းသောဉာဏ်ပညာတော်ကို အသင်းတော်အားဖြင့်လူတို့ကို သိစေဖို့ ဖြစ်သည်။

ထို့ကြောင့် တောက်လောင်နေသောမီးခဲကိုယူ၍ သင်၏နှုတ်နှင့်နှလုံးတို့ကိုတို့စေလျက် ဘုရားသခင်ကို မျှော်ကြည့်ကာ “ကိုယ်တော်ကျွန်ုပ်ဤနေရာတွင်ရှိပါ၏။ ကျွန်ုပ်ကိုစေလွှတ်တော်မူပါ” ဟုကြွေးကြော်ပါ။